မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၃၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတကာ့အလယ်တွင် တင့်တယ်ထည်ဝါစွာ ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲစေရအောင်

ပြည်ထောင်စုကြီးအင်အားချည့်နဲ့ပြိုကွဲရေးအတွက် ဆိုးညစ်သည့်ရည်ရွယ်ချက်ဖြင့် အစီအစဉ်ရှိရှိ လုပ်ဆောင်နေကြသည့် ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ သွေးခွဲသပ်လျှိုမှု၊ သွေးထိုးမြှောက်ပင့်မှု၊ သွေးဆောင်ဖြားယောင်းမှုတို့ကို တိုင်းရင်းသားလူမျိုးများအားလုံးက စည်းလုံးညီညွတ်စွာ လက်တွဲတွန်းလှန်တိုက်ဖျက်လျက် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ့အလယ်တွင် တင့်တယ်ထည်ဝါစွာ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၈) နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အီရန်သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၁

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မာမွတ် အာမာ ဒီနေဂျာဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး အီရန်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၁

၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ပထမ ဒုတိယသမ္မတ ပါဗစ် ဒါဗူးဒီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် ပျဉ်းမနားမြို့နယ် သစ်တပ်ကျေးရွာ နွေစပါးကေ ၁၀၀ စံပြကွက် ထွန်ယက်စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော်ပျဉ်းမနားခရိုင် နွေစပါးစိုက်ခင်း မျိုးစေ့ချကိရိယာဖြင့် ဆင်းနွယ်ရင်စပါးမျိုးများ စိုက်ပျိုး

နေပြည်တော် ဖေဖော်ဝါရီ ၁၀

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ပျဉ်းမနားမြို့နယ် သစ်တပ်ကျေးရွာ ကွင်းအမှတ်(၁၆၀၇) နွေစပါးကေ ၁၀၀ စံပြကွက် စိုက်ပျိုးနေမှုကိုလည်းကောင်း၊ နေပြည်တော်ပျဉ်းမနားခရိုင်အတွင်း နွေစပါးတွင် စိုက်ပျိုးနေသောစပါးမျိုးများ၊ စိုက်ပျိုးနည်းစနစ်များနှင့် ပေါင်းသတ်ဆေးများကိုလည်းကောင်း၊ တောင်သူဦးမြင့်အောင်၏စိုက်ကွက်တွင် လက်တွန်းထွန်စက်များဖြင့် မြေပြုပြင်နေမှုများ၊ မျိုးစေ့ချကိရိယာဖြင့် ဆင်းနွယ်ရင်စပါးမျိုး စိုက်ပျိုးနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် နေပြည်တော်ပျဉ်းမနားမြို့နယ် ကျောက်ချက် စိုက်ပျိုးရေးပညာပေးစခန်းသို့ သွားရောက်ပြီး ဦးမှတ်ကြီးနှင့်

စာမျက်နှာ ၃ ကော်လံ ၃ ✻

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်)

နိုင်ငံတော်က အခြေခံကောင်းများ တည်ဆောက်ပေးလျက်ရှိ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်က ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်လျက်ရှိရာတွင် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း အခြေခံအဆောက်အအုံများကို အလေးပေးဖြည့်ဆည်းပေးလျက် ရှိသည်။

ရာသီမရွေး သွားလာနိုင်သည့် ကလေး–ဖလမ်း–ဟားခါးလမ်း၊ ဟားခါး–ဂန့်ဂေါလမ်း၊ ဟားခါး–မတူပီလမ်း၊ မင်းတပ်–မတူပီလမ်း စသည့် လမ်းမကြီးလေးသွယ်ကို မြို့တွင်းလမ်းများနှင့် ဆက်သွယ်ဖောက်လုပ်ပေးထားသည်။ အဆိုပါ လမ်းမကြီးများမှတစ်ဆင့် အခြားဒေသများသို့ ထွက်ကုန်များ လွယ်ကူစွာ ရောင်းဝယ်ဖောက်ကားနိုင်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက် လျက်ရှိသည်။

ပြည်နယ်၏စီးပွားရေးနှင့် စားနပ်ရိက္ခာ ဖူလုံရေးအတွက် တောင်ယာစနစ်မှ လှေကားထစ်နှင့် ကုန်းမြင့်လယ်ယာစနစ်သို့ ပြောင်းလဲကာ မျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးပြီး ဒေသနှင့်ကိုက်ညီမည့် မွေးမြူရေးကိုပါ ပေါင်းစပ်လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေတိုးပွားစေမည် ဖြစ်သည်။

ဒေသတွင်းရှိ တိုင်းရင်းသားလူငယ်များ ပညာတတ်မြောက်ရေး၊ ဗဟုသုတပြည့်ဝပြီး ကျန်းမာရေး အသိပညာရှိရေး၊ လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်ထွန်းလာစေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

တိုင်းရင်းသားပြည်သူများက ယင်းအခြေခံကောင်းများကို အကျိုးရှိရှိအသုံးချပြီး ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်စေရေး အစွမ်းကုန် ကြိုးပမ်းကြရမည် ဖြစ်သည်။

နယ်မြေဒေသများ ဖွံ့ဖြိုးစည်ပင်တိုးတက်ခြင်း၏ အခြေခံသည် ငြိမ်းချမ်းသာယာခြင်းဖြစ်ရာ တိုင်းရင်းသားပြည်သူအပေါင်းက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော်က စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများက မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွား ဘဝမြင့်မားတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ॥

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

ဇေယျဝတီဆရာတော် သစ္စာတရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ် ၅ မေခလမ်း သစ်ဆိမ့်ကုန်းရပ်ရှိ မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေကူတောရရိပ်သာပဓာန နာယက ဇေယျဝတီဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ၊ B.A)သည်မန္တလေးတိုင်း မိတ္ထီလာမြို့နယ် တောမကျေးရွာတွင် တပေါင်းလဆန်း၅ရက်မှ ၁၁ရက် (မတ်၁၁ ရက်မှ ၁၇ရက်)အထိ ကျင်းပမည့် တရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ ဆရာတော်ကျောင်းတိုက်အတွင်း သုံးထပ်ဓမ္မာရုံတော်ကြီး တည်ဆောက်မည်ဖြစ်ရာ ဖုန်း–၀၉–၅၁၃၇၀၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို မုဒုံမြို့နယ် ကွေ့ဝမ်းစံပြကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မုဒုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ကွေ့ဝမ်းစံပြကျေးရွာ(ကျေးလက်)ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၄ရက် နံနက်၇နာရီခွဲက အဆိုပါလမ်းထိပ်မှခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေးက လမ်းနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ကတ္တရာလမ်းသစ်အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း မြို့နယ်တာဝန်ခံ ဦးဆန်းဦး၊ ကွေ့ဝမ်းစံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက် အင်ဂျင်နီယာ ဦးတင်မောင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး လမ်းသစ်အား ဖြတ်သန်း ကြည့်ရှုစစ်ဆေးကြသည်။(ဝဲပုံ)

အဆိုပါ လမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၉၀၂၀၀၀၀နှင့် ပြည်သူ ထည့်ဝင်ငွေကျပ် ၁၈၀၄၆၇၅၀ စုစုပေါင်းငွေကျပ် ၂၇၀၆၆၇၅၀ ကျခံသုံးစွဲခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁–၂–၂၀၀၈(တနင်္လာနေ့)

AM&PM

၇း၀၀	၁း၀၀	MRTV-4အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	၁း၀၅	"ပဋိစ္စသမုပ္ပါဒ် သင်တန်း" တရားတော် (ဆရာတော်အရှင်စန္ဒဝံသ)
၈း၀၀	၂း၀၀	Soccer Update
၈း၁၅	၂း၁၅	တေးဂီတအစီအစဉ်
၈း၂၀	၂း၂၀	ထူးမြတ်ပူဇော် ကြေးပိဋကတ်အလှူတော်
၈း၄၀	၂း၄၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၈း၅၅	၂း၅၅	တေးဂီတအစီအစဉ်
၉း၀၀	၃း၀၀	မြို့မန္တလာရဲ့မန်းမြန်မာ
၉း၁၅	၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅	၃း၂၅	MRTV-4 စာအုပ်စင်ကဏ္ဍ [ဆရာထင်အောင် (ကာယပညာ တက္ကသိုလ်)နှင့် တွေ့ဆုံခြင်း]
၉း၄၅	၃း၄၅	ရခိုင်ရိုးရာဝတ်စားဆင်ယင်မှု
၉း၅၅	၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅	၄း၀၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမေသူနှင့်တွေ့ဆုံခြင်း)
၁၀း၂၀	၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅	၄း၂၅	တေးဂီတအစီအစဉ်
၁၀း၄၀	၄း၄၀	မြန်မာ့လက်မှုယွန်းအနုပညာ
၁၁း၀၅	၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅	၅း၁၅	MRTV-4 ကျန်းမာရေးကဏ္ဍ (အဆိပ်သင့်ရောဂါအမျိုးမျိုး အကြောင်း) (ဒေါက်တာမျိုးလွင် ငြိမ်းနှင့် တွေ့ဆုံခြင်း)
၁၁း၄၀	၅း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅	၅း၄၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူဖို့အတူ 'ဘဲမွေးမြူရေး'
၁၁း၅၅	၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	၆း၀၀	စားဖွယ်စုံလင် ဒေသအစားအစာ အစီအစဉ် (အင်းလေးရိုးရာ အစားအစာ)
၁၂း၁၅	၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀	၆း၂၀	သာယာငြိမ်းချမ်းစိမ်းလန်းဝေစည် ငွေတောင်ပြည်
၁၂း၅၀	၆း၅၀	ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
၁း၀၀	၇း၀၀	MRTV-4အပိတ်Logo

MRTV-4အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာများဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှု နိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

နံနက်	ပွဲစဉ်	ပြသမည့်လိုင်း
၂း၂၄	Arsenal-Blackburn	ESPN (Live)

မြဝတီရုပ်မြင်သံကြား

၁၁–၂–၂၀၀၈
(တနင်္လာနေ့)
နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၃၅	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၂၀	၈။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၅း၃၀	၉။	ဗွီစီဒီကျော်ကြားတေးများ
၅း၄၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း–၃၅)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မေးမြန်းစူးစမ်း
	၂၀။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိမ်းငှက်သူရဲကောင်း** (ဒုတိယတွဲ) (အပိုင်း–၃၁)

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွှန့်မြို့နယ် ဖို့မြေရပ်ကွက်၁၀၁လမ်းနေ အဖဦးသန်း–အမိဒေါ်မြနှင့် မောင်မောင်ဖြစ်သူဦးအောင်မြင့်တို့အား ရည်စူး၍ ဒေါ်လှသန်းမိသားစုက ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူးဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း အီရန်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၁

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာမာနူချာမိုဘာကီထံသို့ သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

ဖြူစင်ဒါန ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၇၇) ပဓာနနာယက ပြည်တွင်းပြည်ပ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရသည် ရောဝတီတိုင်း လေးမျက်နှာမြို့ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၌ မီတင်းနေထိုင် သီတင်းသုံးတော်မူကြသော စာသင်စာချ သံဃာတော်များနှင့် တိုင်းရင်းသားကလေးသူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးကိစ္စရပ်များ အစဉ်ထာဝရရှင်သန် တိုးတက်နေစေရန် ရည်ရွယ်လျက် တတိယအကြိမ်မြောက် ဖြူစင်ဒါနထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ယင်းကျောင်းတိုက်၌ ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင် စေတနာရှင်များအနေဖြင့် အောင်ဆန်းတောရတပ်ဦးကျောင်းတိုက် ဖုန်း- ၆၄၅၆၁၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အကာမပစ်က အနှစ်မရနိုင်

အနှစ်မရှိသော ကာမဂုဏ်ကိလေသာတို့ကို အနှစ်ဟု မှတ်ထင်တွယ်ကပ်နေပြီး အနှစ်အစစ်အမှန်ဖြစ်သော သူတော်ကောင်းတရားတို့ကို အကာဟု ထင်မှတ်ကာ ပစ်ပယ်ကြသူများသည် သီလစသော ဂုဏ်ကျေးဇူးအနှစ် အစစ်အမှန်တို့ကို မရနိုင်ကြကုန်။

(ဓမ္မပဒ ၁၁)

● **ကျောဖုံးမှ**

မင်းဘူးမြို့ ပြည်သူ့ဆေးရုံကို ၁၉၄၉ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် ဆေးရုံအဟောင်းမှ ဆေးရုံအသစ်ကို ပြုပြင်တည်ဆောက်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် မကွေး ဆေးတက္ကသိုလ်၏ တွဲဖက်သင်ကြားရေး ဆေးရုံအဖြစ်သတ်မှတ်ခဲ့ပြီး ၂၀၀၅ ခုနှစ် နိုဝင်ဘာတွင် ခရိုင်ပြည်သူ့ဆေးရုံ အဖြစ်မှ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံအဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ခဲ့သည်။

လက်ခံသင်ကြား

၂၀၀၃ ခုနှစ်မှစတင်၍ မကွေး ဆေးတက္ကသိုလ် တတိယနှစ်မှ နောက်ဆုံးနှစ် အပိုင်း(ခ)အထိ ဆေးတက္ကသိုလ် ကျောင်းသားများကို လက်ခံသင်ကြားပေးလျက်ရှိပြီး ၂၀၀၆ ခုနှစ်မှစတင်၍ အလုပ်သင်ဆရာဝန်များကို လက်ခံသင်ကြားပေးလျက်ရှိသည်။

လက်ရှိဆေးရုံတွင် ဖျားနာဆောင်၊ ခွဲစိတ်ဆောင်၊ သားဖွားမီးယပ်ဆောင်၊ ကလေးဆောင်ဟူ၍ လူနာကုသဆောင်များနှင့် သွားအထူးကုဌာန၊ မျက်မှန်ဌာန၊ အဆင့်(ခ)ဓာတ်ခွဲဌာန၊ ရူပဗေဒဌာနများဖြင့် လူနာများအား လက်ခံကုသပေးလျက်ရှိပြီး အထူးကုဆရာဝန်ကြီးများ အစုံအလင်ခန့်ထားပေးကာ အရိုးအထူးကုဆရာဝန်နှင့် မျက်စိအထူးကု ဆရာဝန်များကိုပါ တိုးချဲ့၍ ခန့်ထားပေးကြောင်း သိရသည်။

တာဝန်ယူဆောက်လုပ်

လူနာများအား တိုးချဲ့၍ လက်ခံကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တိုးချဲ့နှစ်ထပ်လူနာဆောင်သစ်ကြီးကို ၂၀၀၆ခုနှစ် မတ် ၃၀ရက်မှစတင် ဆောက်လုပ်ခဲ့ရာ ၂၀၀၇ခုနှစ်အကုန်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ ယင်းလူနာဆောင်သစ်ကြီးအတွက် ကုန်ကျငွေမှာ ကျပ်ပေါင်း ၃၇၈၁ဒသမ၂ သိန်းဖြစ်ပြီး နိုင်ငံတော်မှ ခွင့်ပြုငွေဖြင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောက်လုပ်ခဲ့သည်။

လူနာ ၁၀၀ဆံ့ အဆောက်အအုံမှာ နှစ်ထပ်ဆောင်ဖြစ်ပြီး အထပ်နှစ်ထပ်စလုံးတွင် အထူးကုဆရာဝန် အခန်း၊ တာဝန်ကျဆရာဝန်အခန်း၊ တာဝန်ကျသူနာပြုဆရာမအခန်း၊ အခပေးလူနာခန်းနှင့် သင်ကြားရေးစာသင်ခန်းမကြီးတို့သာ ထည့်သွင်းတည်ဆောက်ထားပြီး လူနာ၁၀၀အား လက်ခံကုသပေးနိုင်သောအဆောက်အအုံကြီးဖြစ်သည်။

တိုင်းရင်းဆေးသေတ္တာ

ယင်းနောက် မကွေးတိုင်းအရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာ ဖြန့်ဝေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ရက် နံနက် ၉နာရီခွဲတွင် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဝန်ကြီးဒေါက်တာကျော်မြင့်၊မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့ တက်ရောက်၍ မကွေးမြို့နယ် ချမ်းမြေ့သာယာကျေးရွာ၊ ဆားတိုင်ကန်ကျေးရွာ၊ သန်းတောကုန်းကျေးရွာနှင့် ကျေးရွာ ၁၂ ရွာအတွက်လည်းကောင်း၊ ရေနံချောင်းမြို့နယ် လက်ခုပ်ပင်ကျေးရွာ၊ သန်းပင်ကုန်းကျေးရွာ၊ ဖန်ခါးစမ်းကျေးရွာနှင့် ကျေးရွာ ၁၂ရွာ အတွက်လည်းကောင်း၊ ချောက်မြို့နယ် တောင်အနောက်ရွာ၊မိုလာရွာ၊မင်းဒေါင့်ရွာနှင့် ကျေးရွာ ၁၂ ရွာအတွက်လည်းကောင်း၊ မင်းဘူးမြို့နယ် လေးအိမ်တန်းကျေးရွာ၊ ဇရပ်ကြီးကျေးရွာ၊ ကန်ရေကျေးရွာနှင့် ကျေးရွာ ၁၂ ရွာအတွက်လည်းကောင်း၊ ပွင့်ဖြူမြို့နယ် လှဲကြီးကျေးရွာ၊ လက်ခုပ်ကျေးရွာ၊ သက်သာပန်းတောင်းကျေးရွာနှင့် ကျေးရွာ ၁၂ရွာ အတွက်လည်းကောင်း၊ ပခုက္ကူခရိုင်အတွင်းရှိ မြို့နယ်များ၏ ကျေးရွာများအတွက်လည်းကောင်း၊ ခရိုင်အတွင်းရှိမြို့နယ်များ၏ ကျေးရွာများအတွက်လည်းကောင်း အသီးသီး ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

* **ရှေ့ဖုံးမှ**

မြို့နယ် စိုက်ပျိုးရေးမန်နေဂျာတို့မှ တီကောင်မွေးမြူရေးနှင့် တီကောင်မြေဆွေး ထုတ်လုပ်မှုများကို ရှေ့တန်းစခန်းအတွင်း ဌာနပိုင်ကန်ရှစ်ကန်ဖြင့် တီကောင်မွေးမြူခြင်း၊ တီကောင်စွန့်ပစ်မြေဆွေးနှင့် တီဆေးရည် ထုတ်လုပ်ခြင်းများ၊ ရရှိမြေဆွေးများကို သီးနှံအလိုက် သုံးစွဲမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

အကယ်ဒမီဆုရှင်များ၏ ရင်ခုန်သံစကားများဖြင့် ဖလားဝါးနယူးစ်ဂျာနယ် ထုတ်ဝေ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၇)တွင် ၂၀၀၆ခုနှစ် အကယ်ဒမီထူးချွန်ဆုရှင်များ၏ ရင်ခုန်သံစကားမှတ်တမ်းပုံရိပ်များဖြင့် အကယ်ဒမီအမှတ်တရကဏ္ဍ ဂုဏ်ရှိန်ပြင်းသောအလင်္ကာသစ္စာနှင့် မျှော်လင့်ခြင်းညကိုကို(စက်မှုတက္ကသိုလ်)၏ ချိုမိုင်မိုင်ကို သတိရကြသလား အယ်ဒီတာ့ဒိုင်ယာရီနှင့်အတူ ရန်ကုန်မြို့တွင် ဂျီအက်စ်အမ်ဖုန်း တစ်သောင်းခွဲထပ်မံချပေးပြီ၊ ဘင်္ဂလားဒေ့ရှ်က မြန်မာ့ဓာတ်ငွေ့တင်သွင်းရန် စဉ်းစားနေ၊ မြန်မာနိုင်ငံတွင် ဘူမိအပူဓာတ်မှ လျှပ်စစ်ထုတ်ယူနိုင်မည့်မြေနေရာ ၁၀၀နီးပါးခန့်ရှိ၊ တစ်နှစ်ပညာသင်ရုံဖြင့် ဟိုတယ်ဒီပလိုမာနှစ်ခုရနိုင်၊ ပြည်ပသို့ပဲတင်ပို့မှုတိုးမြှင့်ရေးလိုအပ်သည့်ချေးငွေများ မွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ်မှ ထုတ်ချေးမည်စသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ အလုပ်နှင့် ပညာရေးလမ်းညွှန်၊ ပြည်ပတွင် အကူသူနာပြု သွားရောက်လုပ်ကိုင်လိုသော်နှင့် အကျင့်ကောင်း၊ သဘောသားခေတ်တစ်ကျော့ပြန်လာပြီလားကဲ့သို့သော သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

အနာဂတ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ အတိတ်စစ်ပွဲထက် ပိုအရေးကြီးပါတယ် အစ္စရေးလုံခြုံရေးရာဝန်ကြီး အေမီအေယာလွန်နှင့် တွေ့ဆုံခြင်း၊ အင်တာဗျူးဆောင်းပါးနှင့်အတူ ထိုင်းနိုင်ငံရေး အပြောင်းအလဲများက ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးကိုများစွာထိခိုက်မှုမရှိနိုင်၊ ဂျပန်ကျောင်းသားများ စာရိတ္တကောင်းမွန်ရေး စာသင်ကျောင်းများတွင် တာဝန်ရှိ၊ ညစ်ညမ်းဓာတ်ပုံ အွန်လိုင်းပေါ် ဖြန့်ချိသူများ ဖမ်းဆီးခံရ၊ တီထွင်ဖန်တီးတတ်ခြင်း မတတ်ခြင်း ပြဿနာများသည် ဦးနှောက်လှုပ်ရှားမှုနှင့် ဆိုင်၊ အယ်လ်ခိုင်ဒါ ထိပ်တန်းခေါင်းဆောင် အာဖဂန်၌ ဒုံးကျည်ဖြင့်ပစ်သတ်ခံရ၊ မိုးမျှော်အဆောက်အအုံများသည် လန်ဒန်မြို့တော်ကြီးအား ပျက်စီးစေသည်ဟု ချားလ်စ်မင်းသားပြောစသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(က-ပ)**

နှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတုအထိမ်းအမှတ် စာအုပ်ဈေးရောင်းပွဲ ဖွင့်လှစ်ရောင်းချနေပြီ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

၁၉၃၃ခုနှစ်က ဖွားဦးဇွန်းတည်ထောင်ခဲ့သည့် နှင်းဆီကုန်းဘိုးဘွားရိပ်သာသည် ၂၀၀၈ခုနှစ်တွင် (၇၅)နှစ်ပြည့်ပြီဖြစ်သည်။ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အဖြစ် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနား၌ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွဋ်က စာအုပ်ဈေးပွဲတော်ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်း၊ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)နှင့် ဦးမောင်တင် (နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့နာယက)တို့က (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် စာအုပ်ဈေးရောင်းပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(အောက်ပုံ)**

ခင်းကျင်းရောင်းချ

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက စာအုပ်ဈေးပွဲတော်အတွင်း ခင်းကျင်းပြသထားသည့် စာအုပ်ဆိုင်များကို လိုက်လံကြည့်ရှုဝယ်ယူအားပေးကြသည်။ နှင်းဆီကုန်းဘိုးဘွားရိပ်သာ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် စာအုပ်ဈေးရောင်းပွဲတော်တွင် စာအုပ်ဆိုင်ပေါင်း ၅၃ ဆိုင် ခင်းကျင်းရောင်းချပေးလျက်ရှိသည်။

စာအုပ်ဈေးရောင်းပွဲ၌ ရောင်းချသောစာအုပ်တိုင်းကို ၁၀ရာခိုင်နှုန်းမှ ၁၅ရာခိုင်နှုန်းအထိ ဈေးလျှော့ချရောင်းပေးနေသကဲ့သို့ အချို့စာအုပ်များကို ချိုသာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည်။

အမျိုးအစားစုံလင်

စာအုပ်ဆိုင်များတွင် ခင်းကျင်းပြသရောင်းချထားသော စာအုပ်များမှာ အမျိုးအစားစုံလင်သလို အရေအတွက်လည်း များပြားလှသည်ဖြစ်ရာ စာအုပ်ဆိုင်တိုင်း၌ စာအုပ်များပြည့်ကျပ်လျက်ရှိသည်။ ထို့အပြင် စာပေတိုက်ကြီး ၂၈တိုက်မှနေ၍ စာအုပ်များကို တိုက်ရိုက်လာရောက်ဖွင့်လှစ်ရောင်းချလျက်ရှိသဖြင့် အမျိုးအစားစုံလင်သလို ဈေးနှုန်းလည်း အထူးသက်သာလျက်ရှိသည်။စာအုပ်များတွင် မြန်မာ့သမိုင်းနှင့်ပတ်သက်သည့် အထောက်အထားစာအုပ်များ၊ သုတ၊ ရသနှင့် ဗဟုသုတရရှိစေမည့် စာအုပ်များ၊ မြန်မာ့စွယ်စုံကျမ်းများ၊ ရှားပါးမြန်မာ့ယဉ်ကျေးမှုအနုပညာသမိုင်းစာအုပ်များ၊ မျက်မှောက်ခေတ် နည်းပညာဆိုင်ရာ စာအုပ်များကို ဈေးနှုန်းအထူးသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

စာအုပ်ဈေးရောင်းပွဲ၌ လာရောက်ရောင်းချသူများနှင့် ဝယ်ယူသူများသည် အဘိုးအဘွားတို့အား ကူညီလှူဒါန်းရာလည်းရောက်ရှိစေသည်ဖြစ်ရာ ရောင်းသူများကလည်း ကုသိုလ်ငွေများထည့်ဝင်လှူဒါန်းကြမည်ဖြစ်၍ ဝယ်သူများကလည်း စာအုပ်များ ဝယ်ယူလိုက်သည်နှင့် အလှူဒါနတစ်ခုပြုလုပ်လိုက်ရသကဲ့သို့ဖြစ်သွားရာ ရောက်ရှိသွားပေမည်။

စိတ်ကြိုက်ဝယ်ယူ

ထို့ကြောင့် စာပေဝါသနာရှင်များ၊ စာပေမိတ်ဆွေများနှင့် စာပေဗဟုသုတ ရှာဖွေလိုသူများအနေဖြင့် မိမိကြိုက်နှစ်သက်သော စာအုပ်များကို ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ကြသည့်အပြင် ကုသိုလ်ပြုရာလည်း ရောက်စေသည့် စာအုပ်ဈေးရောင်းပွဲတစ်ခုပင် ဖြစ်ပေသည်။ ။ **(မြန်မာ့အလင်း)**

ဖွံ့ဖြိုးပြီးနိုင်ငံတို့ ကာကွယ်ရေးစရိတ် လျာထားချက် များပြား လက်နက်အပြိုင်တပ်ဆင်မှု ကြုံတွေ့နေရဟု ပူတင်ဝေဖန်

မော်စကို ဖေဖော်ဝါရီ ၁၀

ကမ္ဘာကြီးသည် လက်နက်အပြိုင်တပ်ဆင်လာမှုနှင့် ရင်ဆိုင်နေရကြောင်း ရုရှားသမ္မတမစ္စတာပူတင်က ဖေဖော်ဝါရီ ၈ရက်တွင် မော်စကိုမြို့၌ ပြောကြားလိုက်သည်။

သက္ကရာဇ် ၂၀၂၀ ပြည့် အထိ ရုရှားနိုင်ငံ၏ မဟာဗျူဟာ ရေရှည် ဖွံ့ဖြိုးရေးအစီအစဉ်ချမှတ်မည့် အတိုင်ပင်ခံ နိုင်ငံတော်ကောင်စီအစည်းအဝေးတွင် သမ္မတပူတင်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

အပြိုင်တပ်ဆင်မှု

သမ္မတပူတင်က ဆက်လက်ပြောကြားရာ၌ စိတ်မကောင်းစရာဖြစ်ရသည်မှာ ဤကိစ္စသည် မိမိတို့အပေါ်တွင် မူတည်နေခြင်းမဟုတ်၊ မိမိတို့နိုင်ငံက လက်နက် အပြိုင်တပ်ဆင်မှုကို စတင်ခြင်းမဟုတ်ကြောင်း ထည့်သွင်း ပြောကြားခဲ့သည်။

အဆများစွာပို

နည်းပညာ အသာစီးရမှု အပေါ် မှီခိုအားထားသည့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများက ကာကွယ်ရေးနှင့် ထိုးစစ်လက်နက် စနစ်သစ်များတွင် ငွေအများအပြား ပုံအော သုံးစွဲနေကြောင်း၊ သူတို့၏ကာကွယ်ရေးကဏ္ဍ အသုံးစရိတ် လျာထားချက်မှာ ရုရှားနိုင်ငံ၏ လျာထားချက်ထက် အဆများစွာ ပိုနေကြောင်း သမ္မတပူတင်က ထောက်ပြလိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဥရောပရွေးကောက်ပွဲ စောင့်ကြည့်အဖွဲ့၏ ရာဇသံ ရုရှားက ဒူးထောက် အညံ့ခံမည်မဟုတ်

မော်စကို ဖေဖော်ဝါရီ ၁၀

လာမည့်လတွင်ကျင်းပမည့်ရုရှား သမ္မတရွေးကောက်ပွဲ ကြီးကြပ်ရေးကိစ္စအပေါ် အငြင်းပွားမှုတွင် ဥရောပ၏ အဓိကရွေးကောက်ပွဲစောင့်ကြည့်ရေးအဖွဲ့ဖြစ်သည့် အိုဒီအိုင်အိတ်ချ်အာရ်၏ ရာဇသံပေးမှုကို အညံ့ခံဒူးထောက်မည်မဟုတ်ကြောင်း ရုရှားနိုင်ငံက ဖေဖော်ဝါရီ ၇ ရက်တွင် ကြေညာသည်။

ပယ်ချ

ရွေးကောက်ပွဲစောင့်ကြည့်ရေးကိစ္စမှာ အနောက်အုပ်စုအစိုးရများအတွင်း ဆက်ဆံရေးအဆင်မပြေ ဖြစ်နေသည်။ ၎င်းတို့က ရုရှားရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတမှု ရှိစေလိုသည်။ ရုရှားအစိုးရကမူ ရွေးကောက်ပွဲတွင် ပြည်ပမှ စွက်ဖက်မှုဖြစ်သည်ဟု ယူဆကာ ပယ်ချသည်။

ဖျက်သိမ်းမည်

လေ့လာစောင့်ကြည့်မှု အဖွဲ့၏ လုပ်ပိုင်ခွင့်အပေါ် ထိန်းချုပ်မှုကို ရုရှားကအလျှော့မပေးလျှင် ရွေးကောက်ပွဲစောင့်ကြည့်မှု အစီအစဉ်ကို ဖျက်သိမ်းမည်ဟု အိုဒီအိုင်အိတ်ချ်အာရ်က ကြေညာသည်။

ဝမ်းနည်းစရာကောင်း

ရုရှားနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် ပြောဆိုသည့် အိုဒီအိုင်အိတ်ချ်အာရ်၏ သဘောထား ရပ်တည်ချက်မှာ ဝမ်းနည်းစရာကောင်းကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်က သတင်းထောက်များအား ပြောကြားလိုက်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

တောင်ကိုရီးယား စစ်ရေးလေ့ကျင့်မှု အစီအစဉ် ဖျက်သိမ်းရန် မြောက်ကိုရီးယားတောင်းဆို

ပြုံယမ်း ဖေဖော်ဝါရီ ၁၀

အမေရိကန်နှင့် တောင်ကိုရီးယားတို့ မတ်လတွင် ပူးတွဲစစ်ရေးလေ့ကျင့်ရန် စီစဉ်နေခြင်းမှာ ကျူးကျော်စစ်အတွက် အန္တရာယ်ကြီးသည့် စစ်ရေးလေ့ကျင့်မှုဖြစ်ကြောင်း ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ (ဒီပီအာရ်ကေ)က ပြစ်တင်ပြောကြားလိုက်သည်။

ဝေဖန်

အမေရိကန်နှင့် ကိုရီးယားတို့က တောင်ကိုရီးယား၌ ကီးရီဇာဟူသော ပူးတွဲစစ်ရေးလေ့ကျင့်မှုကို မတ်လအတွင်း ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာပြီးနောက် ဒီပီအာရ်ကေက ယင်းသို့ ဝေဖန်လိုက်ခြင်း ဖြစ်သည်။

တိုက်တွန်း

ထိုအစီအစဉ်မှာ ဒီပီအာရ်ကေကို အကြီးအကျယ် စစ်ရေးအရ ရန်မူမှု တစ်ရပ်ပင်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံ(ဒီပီအာရ်ကေ)က ပြောကြားလိုက်ပြီး ထိုရန်စောင်သည့် မူဝါဒကို ရပ်ဆိုင်းပြီး တောင်ကိုရီးယားမှ အမေရိကန်တပ်များ ရုပ်သိမ်းပေးရန် အမေရိကန်အစိုးရအား တိုက်တွန်းလိုက်သည်။

တောင်ကိုရီးယား၌ လောလောဆယ် အမေရိကန်တပ်ဖွဲ့ဝင် ၁၂၀၀၀ရှိနေပြီး ပစိဖိတ်ဒေသအတွင်းတွင် အမေရိကန်တပ်ဖွဲ့ဝင် ၆၀၀၀ရှိနေသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကပြ

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ဒိုင်နိုဆော သရုပ်ပြပွဲတော်တစ်ရပ်ကျင်းပရာ ဒိုင်နိုဆော ပုံသဏ္ဌာန် အရုပ်များဖြင့် ပြနေသူများအား ဖေဖော်ဝါရီ ၉ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရန် ဒုံးပျံစမ်းသပ်မှု စစ်ရေး ရည်ရွယ်ချက်မရှိ

မော်စကို ဖေဖော်ဝါရီ ၁၀

အီရန်နိုင်ငံအနေဖြင့် မကြာမီက ဒုံးပျံစမ်းသပ်ပစ်လွှတ်မှုမှာ စစ်ရေး ရည်ရွယ်ချက် မပါရှိကြောင်း ရုရှားနိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီးဂိုလမ်ရေဇာက မော်စကို၌ ဖေဖော်ဝါရီ ၈ ရက်တွင် ပြောကြားလိုက်သည်။

အီရန်က ရှေ့လတွင် ဂြိုဟ်တုကိုလွှတ်တင်မည်ဖြစ်ကြောင်း၊ ယင်းဂြိုဟ်တုကို အီရန်နိုင်ငံအတွင်း၌ တည်ဆောက်ခြင်းဖြစ်ကြောင်း သံအမတ်ကြီး ဂိုလမ်ရေဇာက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့အနီးရှိ ကမ်ဒန်မြို့တွင် ဖေဖော်ဝါရီ ၉ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားရာသို့ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရေးပေါ် ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ လာရောက်မီးငြိမ်းသတ်ကြစဉ်။

(အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာထူးခြားဖြစ်ရပ်

တုန့်နှိုင်းမဲ့စွာ မိမေတ္တာ

ချစ်စိုးနိုင်
ကိုးကားရေးဖွဲ့ သည်

မဲလ်ဘုန်းမြို့သည် ဩစတြေးလျနိုင်ငံအရှေ့တောင်ပိုင်း ဗစ်တိုးရီးယားပြည်နယ်၏မြို့တော်ဖြစ်ပြီး ပင်လယ်ဆိပ်ကမ်းမြို့ကြီးဖြစ်သည်။ လူဦးရေ သုံးသန်းကျော် နေထိုင်သည့် မြို့ကြီးဖြစ်ပြီး ပင်လယ်ရှုခင်းများကြောင့် သာယာလှပသည်။

အသည်းအစားထိုး

မဲလ်ဘုန်းမြို့တွင် မိခင်မေတ္တာကို သက်စွန့်ဆံဖျား အသက်နှင့် ရင်း၍လက်တွေ့ပြသခဲ့သော စံပြမိခင်တစ်ဦး နေထိုင်ခဲ့လေသည်။ အသက် ၃၇နှစ်အရွယ်ရှိ ဂျန်နီနစ်ချ်(**အပေါ်ပုံ**) ဆိုသည့် အမျိုးသမီးဖြစ်သည်။ ဂျန်နီသည် လွန်ခဲ့သောငါးနှစ်ခန့်က သူ့ထက် အသက်ငါးနှစ်ခန့် ကြီးသော ဒါရီလ်နစ်ချ်နှင့် လက်ထပ်ခဲ့သည်။ ယခုအခါ သူတို့နှစ်ဦးတွင် သားနှစ်ဦး ထွန်းကားခဲ့ရာ သားအကြီး ဘရိုဒီသည် နှစ်နှစ်ခွဲအရွယ်ရှိနေပြီး သားအငယ် ဒီလန်မှာ တစ်နှစ်နှင့်နှစ်လ သားအရွယ် ရှိနေပေပြီ။

သူတို့နှစ်ဦး၏ အိမ်ထောင်ရေးမှာ သာယာချမ်းမြေ့ခဲ့သည်။ သားအကြီး ဘရိုဒီမှာ ကျန်းမာရေးကောင်းမွန်သော်လည်း သားအငယ် ဒီလန်မှာ မွေးရာပါ အသည်းမကောင်းမှုကြောင့် ကျန်းမာရေးချို့တဲ့ပြီး ချူချာသည့်အတွက် စိုးရိမ်ကြောင့်ကြ ပူပန်နေရလေသည်။ အထူးသဖြင့် မိခင်ဖြစ်သူ ဂျန်နီနစ်ချ်က မိန်းမသားပီပီ စိုးရိမ်စိတ်ပိုကဲမိလေသည်။ ဒီလန်၏ အသည်းမကောင်းမှုကြောင့်ပင် ၂၀၀၇ခုနှစ် ဇွန်လအတွင်းက အသည်းအစားထိုး ကုသရမည့် စာရင်းတွင် ပါဝင်လာခဲ့သည်။

အဓိကထား

သားငယ်ဒီလန် အသည်းအစားထိုး ကုသရမည်ကို သိလျှင်သိချင်း မိခင်ဖြစ်သူ ဂျန်နီသည် အသက်အန္တရာယ်ရှိလင့်ကစား သူ၏ အသည်းလေးပုံတစ်ပုံကို ထုတ်ယူပြီး သား၏ အသက်ကို ကယ်တင်ရန် အချိန်တိုအတွင်း လျင်မြန်စွာ ဆုံးဖြတ်ချက်ချခဲ့သည်။ အော်စတင်ဆေးရုံမှ ခွဲစိတ်ကု ဆရာဝန်ဖြစ်ပြီး ဗစ်တိုးရီးယားပြည်နယ် အသည်းအစားထိုး ကုသရေးဌာနမှ ညွှန်ကြားရေးမှူးဖြစ်သူ ပါမောက္ခဘော့ဘ်ဂျုံးက ယခုအသည်းအစားထိုး ခွဲစိတ်ကုသမှုသည် အသည်းထုတ်ပေးသူ မိခင်အတွက်အန္တရာယ်ရှိသလို မိခင်နှင့်သားပါနှစ်ဦးစလုံးလည်းအန္တရာယ်ရှိကြောင်း ကြိုတင် သတိပေးခဲ့သော်လည်း သားအသက်ရှင်ရေးအတွက်သာ အဓိကထားသော ဂျန်နီအနေဖြင့် ကြောက်ရွံ့နောက်တွန့်ခဲ့ခြင်း မရှိပေ။

အသည်းထုတ်ပေးမည့် အကြောင်းကို ခင်ပွန်းဖြစ်သူ ဒါရီလ်နစ်ချ်က စဉ်းစားခိုင်းသည့် ကြားမှပင် မိခင်ဟူသော စိတ်ဓာတ်က ခွဲစိတ်မှုခံယူပြီး သား၏အသက်ကို ကယ်တင်ရန် တွန်းအားပေးခဲ့သည်။ သူ့အား ခွဲစိတ်ပြီး အသည်း၏ လေးပုံတစ်ပုံကို ထုတ်ယူရန် သတ်မှတ်ထားသော စက်တင်ဘာလမှ အောက်တိုဘာလသို့ ရွှေ့ဆိုင်းခဲ့သည်။ ထို့နောက် ၂၀၀၈ ခုနှစ်သို့ ရွှေ့ဆိုင်းရာတွင်မူ ဂျန်နီက လက်မခံတော့ဘဲ ငြင်းဆိုခဲ့သည်။ ထို့ကြောင့် ဂျန်နီကို ဒီဇင်ဘာ ၁၇ ရက်က အော်စတင်ဆေးရုံ၌ ခွဲစိတ်ခဲ့သည်။ ခွဲစိတ်ပြီးနောက် ယင်းဆေးရုံမှတစ်ဆင့် ဂျန်နီဆီမှထုတ်ယူထားသော အသည်းကို ဒီလန်ရှိရာ တော်ဝင်ကလေးအထူးကုဆေးရုံသို့ ယူဆောင်ကာ အစားထိုး ခွဲစိတ်မှုပြုလုပ်ခဲ့ရာ ဒီဇင်ဘာ ၁၇ ရက် နံနက် ၈နာရီမှ ဒီဇင်ဘာ ၁၈ရက် နံနက် ၄နာရီအထိ နာရီပေါင်း ၂၀ ကြာမြင့်ခဲ့သည်။ ဂျန်နီအနေဖြင့် ဒီလန်အား ခရစ္စမတ်ပွဲတော်မတိုင်မီတစ်ပတ်အလိုတွင် အကြီးကျယ် အခမ်းနားဆုံး လက်ဆောင်ကို ပေးနိုင်ခဲ့သည်။

ကျန်းမာလာ

ယင်းအသည်းအစားထိုးခွဲစိတ်ကုသမှုတွင် သမားတော်သုံးဦးက အလှည့်ကျဦးဆောင်ပြီး ခွဲစိတ်ကု ဆရာဝန် ၃၀၊ မေ့ဆေးဆရာဝန်၊ သူနာပြုများနှင့် နည်းပညာရှင်များ ပါဝင်သည်။ ဗစ်တိုးရီးယား၌ အစားထိုးခွဲစိတ်ကုသမှု သမိုင်းတွင်သူ မိခင်နှစ်ဦးအနက် ဂျန်နီသည် အသက်ရှင်လျက်အသည်း အစားထိုးကုသသူတွင် ပထမဦးဆုံးဖြစ်သည်။ သူ၏သားကလေး ဒီလန်သည်လည်း အသက်ရှင်ကျန်းမာလာခဲ့သည်။

သက်သေပြ

ဤဖြစ်ရပ်တွင် ဂျန်နီ၏ ဒီလန်အပေါ်တွင် ထားရှိသော မေတ္တာကို ကြည့်ခြင်းအားဖြင့် မိခင်၏ သားသမီးအပေါ်တွင်ထားရှိသော အဆုံးအစမဲ့သော ချစ်ခြင်း မေတ္တာတရားကို ကွက်ကွက်ကွင်းကွင်း မြင်နေရသည်။ သား၏ အသက် ရှင်သန်ရေးအတွက် သူ၏ အသက်ကို ပဓာနမထားဘဲ တုန့်နှိုင်းမဲ့စွာ မိမေတ္တာကို ဂျန်နီနစ်ချ်က အံ့ဩချီးကျူး လေးစားဖွယ်ရာ လုပ်ရပ်ဖြင့် သက်သေပြလိုက်ပြီဖြစ်ပါကြောင်း။ ။

မိခင်ဟူသော စိတ်ဓာတ်က ခွဲစိတ်မှုခံယူပြီး သား၏ အသက်ကို ကယ်တင်ရန် တွန်းအားပေးခဲ့။

သတင်းမှပေးသော အသိနှင့်သတိပြုဖွယ်

အန္တရာယ်ရှိသောကိစ္စရပ်များ သတိမထားလျှင်....

ဘရာဇီးနိုင်ငံအရှေ့တောင်ပိုင်း ဂရန်ဒီမြို့တွင် ဖေဖော်ဝါရီ ၈ရက်က မော်တော်ကား မီးလောင်ပေါက်ကွဲမှုကြောင့် အသက်၂၀အရွယ် လူငယ်တစ်ဦး သေဆုံးခဲ့ကြောင်း ဂရန်ဒီရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွားမှုမှာ ဖေဖော်ဝါရီ ၈ရက် ည၈နာရီခန့်က မက်ကော့အမည်ရှိလူငယ်တစ်ဦးသည် မော်တော်ကားမောင်းနှင်လာစဉ် စက်ချွတ်ယွင်းသဖြင့် ကားခေါင်းဖုံးဖွင့်ကာ ဓာတ်ငွေ့မီးခြစ်ထွန်းပြီး ကြည့်ရှုစစ်ဆေးရာမှ ပေါက်ကွဲမီးလောင်ခဲ့ပြီး ဆေးရုံသို့ပို့စဉ် လမ်း၌ သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အန္တရာယ်ရှိသော ကိစ္စရပ်များကို ပေါ့ပေါ့ဆဆ မလုပ်ကိုင်မိရန် သတိထားဆင်ခြင်ဖွယ်ရာပင်....။

မောင်မောင်မြင့်ဆွေ

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

✦ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့အနီး၌ ဖေဖော်ဝါရီ၉ရက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်မှူးအပါအဝင် သုံးဦး သေဆုံးခဲ့သည်။

● **ဩစတြီးယားနိုင်ငံအနောက်ပိုင်း အိဒ်မြို့၌ ဖေဖော်ဝါရီ ၉ရက်က လူအိုရုံတစ်ခု မီးလောင်မှုဖြစ်ပွားရာ ၁၁ ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာ ရရှိခဲ့သည်။**

✦ ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ဖေဖော်ဝါရီ၉ရက်က ၁၈ရာစု အဆောက်အအုံတစ်ခု မီးလောင်ခဲ့ရာ အဆောက်အအုံတစ်ခုလုံး ပျက်စီးခဲ့သည်။

● **ကနေဒါနိုင်ငံ တိုရွန်တိုမြို့ အနောက်ဘက် မိုင်၉၀ခန့်အကွာ မီဂန်တောင်ပေါ်သို့ ဖေဖော်ဝါရီ ၉ရက်က တက်ရောက်နေသော တောင်တက်သမားလေးဦး တောင်ပေါ်မှ နှင်းခဲများ ပြိုကျမှုကြောင့် နှစ်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိသည်။**

✦ တရုတ်နိုင်ငံကမ်းလွန်၌ ဖေဖော်ဝါရီ ၉ရက်က မုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် ငါးဖမ်းစက်လှေတစ်စင်း တိမ်းမှောက်ခဲ့ရာ ငါးဖမ်းသမား လေးဦး ပျောက်ဆုံးလျက်ရှိသည်။

● **အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် ဖေဖော်ဝါရီ ၉ရက်က ဆီးနှင်းများထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့မှုကြောင့် လမ်းများပေါ်၌ ဆီးနှင်းများဖုံးလွှမ်းခဲ့ရာ မော်တော်ယာဉ်သွားလာမှု ပြတ်တောက်ခဲ့သည်။**
(အောက်ပုံ)



✦ အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်ရှိ ဆမ်ပီယန်မြစ်ရေလျှံမှုကြောင့် အနီးဝန်းကျင်ဒေသများ၌ ရေလွှမ်းမှုဖြစ်ပေါ်ခဲ့ပြီး ငါးဦးသေဆုံးခဲ့သည်။

● **ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့၌ ဖေဖော်ဝါရီ ၁၀ရက်က သုံးထပ်အဆောက်အအုံတစ်ခု ပြိုကျခဲ့ရာ ခြောက်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့သည်။**

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၀-၂-၂၀၀၈

အတ္တလန္တစ်ယာဉ် နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် ချိတ်မိ

နိုင်ငံတကာအာကာသယာဉ် စခန်းသို့ ဖေဖော်ဝါရီ ၇ရက်က လွှတ်တင်ခဲ့သော **အတ္တလန္တစ် အာကာသယာဉ်သည် နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်မိပြီဖြစ်သည်။**

အဆိုပါ အတ္တလန္တစ် အာကာသယာဉ်သည် နိုင်ငံတကာအာကာသယာဉ်စခန်း၌ ၁၁ရက်ကြာ လိုအပ်သည့်ဆောင်ရွက်မှုများ ပြုလုပ်ပြီး မြေပြင်စခန်းသို့ ပြန်လည်ထွက်ခွာမည် ဖြစ်သည်။

ဂျာမနီ၌ အယ်လ်ခိုင်ဒါအဖွဲ့ဝင်များ အကြမ်းဖက်တိုက်ခိုက်နိုင်

အယ်လ်ခိုင်ဒါ အကြမ်းဖက် တိုက်ခိုက်ရေးသမားများက ဂျာမနီနိုင်ငံ၌ တိုက်ခိုက်မှုများပြုလုပ်ရန် စီစဉ်နေကြောင်း ဂျာမန်အရာရှိများက သတိပေး ပြောကြားသည်။

ပါကစ္စတန်နှင့် အာဖဂန်နယ်စပ်တွင် အခြေစိုက်ထားသော အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့က ဂျာမနီနိုင်ငံအတွင်း နေရာအချို့ကို အကြမ်းဖက်တိုက်ခိုက်ရန် ပစ်မှတ်ထားနေကြောင်း ဂျာမနီပြည်ထဲရေးဝန်ကြီးဌာနမှ အရာရှိများက ပြောကြားသည်။

ဂျော်ဒန်မှ ဂါဇာသို့ပေးပို့သည့် ထောက်ပို့ယာဉ်တန်းဖမ်းဆီးခံရ

အစ္စရေးတို့က နယ်စပ်ပိတ်ထားမှုကြောင့် စားနပ်ရိက္ခာအကျပ်အတည်း ကြုံတွေ့နေရသော ဂါဇာကမ်းမြောင်ဒေသရှိ ဒေသခံ ပါလက်စတိုင်းပြည်သူများအား ဂျော်ဒန်နိုင်ငံမှ ထောက်ပံ့ပေးပို့သည့် ယာဉ်တန်းအား ဟားမတ်စ်တို့က ဖမ်းဆီးထားကြောင်း ဂျော်ဒန်အရာရှိများက ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသသို့ ဂျော်ဒန်နိုင်ငံက ပေးပို့သော စားနပ်ရိက္ခာတင် မော်တော်ယာဉ် ၁၆စီးကို ဟားမတ်စ်တို့က ဖမ်းဆီးထိန်းချုပ်ထားသည်။

လက်ဘနွန်သမ္မတရွေးကောက်ပွဲ ရက်ရွှေ့ပြန်

လက်ဘနွန်သမ္မတရွေးကောက်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်မှ ၂၆ရက်သို့ ရွှေ့ပြောင်းလိုက်ကြောင်း လက်ဘနွန်ပါလီမန်ဥက္ကဋ္ဌ နာဘီဘာရီက ပြောကြားလိုက်သည်။

လက်ဘနွန်သမ္မတ ရွေးကောက်မှုကို ရွှေ့ဆိုင်းခဲ့သည်မှာ ယခုအခါ (၁၄)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်သည်။

ဘရူနိုင်း၌ မီးရှူးမီးပန်းပစ်ဖောက်မှုပိတ်ပင်

ဘရူနိုင်းနိုင်ငံတွင် မီးရှူးမီးပန်းများပစ်ဖောက်ခြင်းကို တားဆီးပိတ်ပင်လိုက်ကြောင်း ဘရူနိုင်းနိုင်ငံအရာရှိများက ပြောကြားသည်။

မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်းသည် အန္တရာယ်ရှိနိုင်သဖြင့် နိုင်ငံအတွင်းသို့ တင်သွင်းခြင်းများကိုလည်း ပိတ်ပင်တားဆီးကြောင်း ၎င်းတို့က ပြောကြားသည်။

ကာဇက်စတန်မှ ရေနံများ ပြင်သစ်တင်ပို့မည်

ပြင်သစ်နှင့်ကာဇက်စတန် နှစ်နိုင်ငံတို့ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အရှိန်တိုးမြှင့်ရန် သဘောတူညီလိုက်ကြကြောင်း ပြင်သစ်နိုင်ငံ စွမ်းအင်အရာရှိများက ပြောကြားသည်။

ကာဇက်စတန်နိုင်ငံ၏ ပေါကြွယ်ဝသော ရေနံနှင့်သဘာဝဓာတ်ငွေ့များကို ရုရှားနိုင်ငံမှတစ်ဆင့် ပြင်သစ်နိုင်ငံသို့ ဖြတ်သန်းတင်ပို့မည့် ပိုက်လိုင်း တည်ဆောက်မှုကိစ္စများကိုလည်း ကာဇက်စတန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ပြင်သစ်ဝန်ကြီးချုပ် ဖရန်ကိုစစ်ဖီလ်လွန်နှင့် ကာဇက်စတန်ဝန်ကြီးချုပ်တို့ တွေ့ဆုံစဉ် ဆွေးနွေးသဘောတူညီခဲ့ကြသည်။

ရုရှားနှင့်ပိုလန် ဓာတ်ငွေ့ပိုက်လိုင်းကိစ္စသဘောတူညီ

ရုရှားမှ ဓာတ်ငွေ့များကို ပိုလန်နိုင်ငံသို့ ပိုက်လိုင်းဖြင့် တင်ပို့ရေး ရုရှားနှင့်ပိုလန်တို့ သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း ပိုလန်အရာရှိများက ပြောကြားသည်။

ရုရှားနိုင်ငံ မော်စကိုမြို့၌ ရောက်ရှိနေသော ပိုလန်ဝန်ကြီးချုပ် ဒိုနယ်တပ်ခ်နှင့် ရုရှားဝန်ကြီးချုပ် ဗစ်တာဇူကော့ဖ်တို့ တွေ့ဆုံဆွေးနွေးပြီးနောက် ဓာတ်ငွေ့ပိုက်လိုင်းကိစ္စ သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

အကြမ်းဖက်လေ့ကျင့်မှုစခန်း ပြည်တွင်း၌မရှိ

အယ်လ်ခိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင်နှင့် တာလီဘန်ခေါင်းဆောင် မူလာအိုမာတို့ ပါကစ္စတန်၌ရှိနေပြီး အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်နေကြောင်း အမေရိကန်အရာရှိများက စွပ်စွဲလိုက်သည်။

ထိုစွပ်စွဲမှုနှင့်ပတ်သက်ပြီး ပါကစ္စတန်တို့က ပယ်ချလိုက်ပြီး မိမိတို့နိုင်ငံအတွင်း အကြမ်းဖက်လေ့ကျင့်ရေးစခန်းများမရှိကြောင်း ၎င်းတို့က ပြောကြားသည်။

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ဘဝဒဿနအမြင်

■ ***Little by little, one travels far.***
တစ်နေ့တစ်လံ ပုဂံ ဘယ်ပြေးမလဲ။
ဂျေအာရ်အာရ်တိုကိန်း(အင်္ဂလိပ်စာရေးဆရာ)

■ ***Patience is a virtue.***
စိတ်ရှည်ခြင်းသည် မင်္ဂလာတစ်ပါးပင်။
အီစွပ်ပုံပြင်

ဘဝအမောပြေ

မစိုးရိမ်ပါဘူး...

ဆေးရုံတက်ပြီး ဆေးကုသမှုခံယူနေသော လူနာတစ်ဦးက ဆရာဝန်အား သူ့ခံစားမှုကို ပြောပြလေသည်။

လူနာ – ကျွန်တော့်စိတ်ထဲမှာ ဘာမှစိုးရိမ်စိတ် မထားတော့ပါဘူး ဒေါက်တာရယ်...

ဆရာဝန် – တကယ်ပဲ စိုးရိမ်ပူပန်စိတ် မရှိတော့ဘူးလား၊

လူနာ – မရှိအောင်ကို နေနိုင်နေပါပြီ၊

ဆရာဝန် – ဒါဆိုရင် ပြောစရာစကား တစ်ခုရှိတယ်၊

လူနာ – ပြောပါ ဒေါက်တာ၊

ဆရာဝန် – ဓာတ်ခွဲခန်းအဖြေအရ ခင်ဗျားဟာ စက္ကန့်ပိုင်းအတွင်း သေရတော့မယ်၊ မှာစရာရှိတာမှာပါ။

လူနာ – "ဗျာ"

နိုင်ငံခြားသတင်း ဘာသာပြန်ဆိုရာတွင်....

အမ်အမ်အေ

အီရတ်နိုင်ငံပစ်ခတ်တိုက်ခိုက်မှုသတင်းတစ်ပုဒ်ကို ဘာသာပြန်ဆိုပြပါမည်။ ဘဂ္ဂဒက်မြို့မှလာသည့် ရိုက်တာသတင်းဖြစ်ပြီး ခေါင်းစဉ်နှင့်ပထမစာပိုဒ်မှာ အောက်ပါအတိုင်းဖြစ်သည်–

Civilian killed in mix-up between US, Iraqi forces

BAGHDAD, 9 Feb-

A civilian was killed in a US airstrike on Baghdad on Thursday after Iraqi neighbourhood police mistakenly opened fire on a US boat patrol, the US military said.

အမေရိကန်နှင့်အီရတ်တပ်ဖွဲ့များ မှားယွင်းပစ်ခတ်ကြစဉ် အရပ်သား သေဆုံးဟု ခေါင်းစဉ်ကို ဘာသာပြန်ဆိုနိုင်ပါသည်။

ပထမစာပိုဒ်ပြန်ဆိုချက်။ ။ လွန်ခဲ့သည့် ကြာသပတေးနေ့က ဘဂ္ဂဒက်မြို့တွင် အမေရိကန်ကင်းလှည့်သင်္ဘောအား အီရတ်ပြည်သူ့ရဲတပ်ဖွဲ့က မှားယွင်းပစ်ခတ်ရာမှ နောက်ဆက်တွဲဖြစ်ရပ်အဖြစ် လေကြောင်းမှတိုက်ခိုက်ခြင်းကြောင့် အီရတ်အရပ်သားတစ်ဦး သေဆုံးခဲ့ရသည်ဟု အမေရိကန်စစ်ဘက်က ပြောကြားသည်။

The incident, the latest in which innocent Iraqis have been killed, occurred after neighbourhood police, called "concerned local citizens" (CLC) by the US military, shot at a US forces on patrol on the Tigris River south of the capital.

ဒုတိယစာပိုဒ်ပြန်ဆိုချက်။ ။ အပြစ်မဲ့ အီရတ်ပြည်သူများ သေဆုံးရမှုဖြစ်စဉ်များအနက် နောက်ဆုံးဖြစ်ရပ်မှာ အမေရိကန်တို့က တာဝန်သိ ဒေသခံပြည်သူများဟုခေါ်သည့် အီရတ်ပြည်သူ့ရဲတပ်ဖွဲ့ဝင်များက မြို့တော်၏ တောင်ဘက် တိုက်ဂရစ်မြစ်အတွင်း တွေ့ရသည့် အမေရိကန်ကင်းလှည့်သင်္ဘောအား မှားယွင်းပစ်ခတ်ကြရာမှ အရပ်သား သေဆုံးရခြင်းဖြစ်သည်။

The US soldiers returned fire in self-defence and called up support from the air. A building next to the CLC checkpoint was hit, killing the civilian.

MNA/Reuters

တတိယစာပိုဒ်ပြန်ဆိုချက်။ ။ အမေရိကန် စစ်သားများကလည်း ခုခံကာ ပြန်လည်ပစ်ခတ်ကြသည်။ ထို့နောက် လေကြောင်းမှစစ်ကူပေးရန် တောင်းခံရာမှ ပြည်သူ့ရဲတပ်ဖွဲ့၏စစ်ဆေးရေးဂိတ်အနီးရှိ အဆောက်အအုံကို လေကြောင်းမှ တိုက်ခိုက်ရာမှ အဆိုပါ အရပ်သား သေဆုံးခဲ့ခြင်းဖြစ်သည်။

သုံးသပ်ချက်

ပထမပိုဒ်တွင် a US boat patrol ဟူသည့် စကားလုံးကို အမေရိကန်ကင်းလှည့်သင်္ဘောဟု ပြန်ဆိုထားသည်ကို သတိပြုမိပါလိမ့်မည်။ အများက boat ကို လှေဟုသိထားသော်လည်း လျင်မြန်မှုလိုအပ်သည့် ကင်းလှည့်အဖွဲ့အတွက် လှေမဖြစ်နိုင်ပါ။ သာဓကအားဖြင့် boat နစ်မြုပ်သဖြင့် လူအချို့သေ၊ ၂၀၊ ၃၀ကျော်ပျောက်ဆုံးသည့်သတင်းတွင်လည်း လှေဟုဘာသာပြန်၍မဖြစ်ပါ။ ထိုယာဉ်ပေါ်တွင် လူ၄၀၊ ၅၀ ထက်မနည်းပါရှိဖွယ်ရှိသောကြောင့် သင်္ဘောဟုသာ ပြန်ဆိုရပါမည်။ ဒုတိယစာပိုဒ်တွင် "concerned local citizens" ဟူသော စကားလုံးကို တာဝန်သိဒေသခံပြည်သူများဟုလည်းကောင်း၊ neighbourhood police ကို ပြည်သူ့ရဲဟုလည်းကောင်း ဆီလျော်အောင် ပြန်ဆိုသင့်ပါသည်။ ။

ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိဒ်ပြည်နယ်ရှိ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအား ဆွဲဆောင်ရာ ရှေးဟောင်း အန်ကောဝပ် ဘုရားကျောင်းကို ဖေဖော်ဝါရီ ၉ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကင်ညာ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှု လူပေါင်းတစ်ထောင်ခန့် သေဆုံးခဲ့ရ

နိုင်ရိုဘီ ဖေဖော်ဝါရီ ၁၀

ကင်ညာ ရဲတပ်ဖွဲ့ဝင် တစ်ဦးသည် ရွေးကောက်ပွဲ ဆန္ဒပြမှုဖြစ်ပွားစဉ်အတွင်း ဆန္ဒပြသည့် အမျိုးသားနှစ်ဦးအား သေနတ်ဖြင့် ပစ်သတ်ခဲ့ကြောင်း အထောက်အထားများ တွေ့ရှိရသဖြင့် တရားစွဲဆို ခံရမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြောကြား

အဆိုပါ ပစ်ခတ်မှုသည် ကီဆူမူမြို့အနောက်ပိုင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းရေးအရာရှိ တစ်ဦးက ပြောကြားသည်။

ကင်ညာနိုင်ငံ၌ ရွေးကောက်ပွဲရလဒ်အပေါ် မကျေနပ်၍ ဆန္ဒပြ၊ အကြမ်းဖက်မှုများဖြစ်ပွားခဲ့ရာ လူပေါင်း ၁၀၀၀ ခန့်သေဆုံးခဲ့ရပြီး ၃၀၀၀၀၀ ခန့်မှာ နေအိမ်များကို စွန့်ခွာ ထွက်ပြေးခဲ့ရကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

သေဆုံး

သမ္မတကီဘာကီနှင့် အတိုက်အခံခေါင်းဆောင် အိုဒင်ဂါတို့သည် အကြမ်းဖက်မှုများကြောင့် လူမျိုးစုများ သေဆုံးရခြင်းအပေါ် အပြန်အလှန် စွပ်စွဲပြောဆိုနေကြသည်ဟု ဆိုသည်။

(အင်တာနက်)

၂၀၀၇ခုနှစ်အတွင်း အင်ဂိုလာ၌ စိန်ကာရက် ကိုးသန်းကျော်ထုတ်လုပ်

လောင်ဒါ ဖေဖော်ဝါရီ ၁၀

အင်ဂိုလာနိုင်ငံ၏ ၂၀၀၇ခုနှစ်အတွင်း စိန်ထုတ်လုပ်မှုသည် ကာရက် ၉ဒသမ ၇ သန်းရှိကြောင်း၊ ယင်းမှာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ဒသမ၂၇ဘီလီယံဖိုးရှိကြောင်း အင်ဂိုလာတာဝန်ရှိသူများ၏ ပြောကြားချက်ကို ဒေသဆိုင်ရာသတင်းအေဂျင်စီတစ်ခုက ဖေဖော်ဝါရီ ၈ရက်တွင် ကိုးကားဖော်ပြသည်။

အများဆုံးထုတ်လုပ်

အင်ဂိုလာနိုင်ငံသည်ဘော့ဆွာနာ၊ ရုရှား၊ ကနေဒါနှင့် တောင်အာဖရိကနိုင်ငံများ ပြီးလျှင် ကမ္ဘာပေါ်တွင် စိန်ပဥ္စမအများဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်သည်။

၂၀၀၆ခုနှစ်က အင်ဂိုလာနိုင်ငံသည် စိန်ကာရက်ကိုးသန်းထုတ်လုပ်ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ၁ဒသမ၂ဘီလီယံရရှိခဲ့သည်ဟု ဆိုသည်။

ဖော်ပြ

အင်ဂိုလာနိုင်ငံ၏ စီးပွားရေးသည် လာမည့်အနှစ်နှစ်ဆယ်အတွင်း ထိပ်ဆုံးအဆင့်သို့ရောက်ရှိနိုင်ကြောင်း၊ ကမ္ဘာ့စိန်အများဆုံး ထုတ်လုပ်သည့် နိုင်ငံဖြစ်လာနိုင်ကြောင်း ကမ္ဘာ့ဘဏ်၏ ထုတ်ပြန် ကြေညာချက်တွင် ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဖေဖော်ဝါရီ ၉ရက်က ဗုံးပေါက်ကွဲမှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ငါးဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်မှ အတည်ပြုပြောကြားသည်။

ဗုံးခွဲတိုက်ခိုက်

ဘဂ္ဂဒက်မြို့ အနောက်မြောက်ပိုင်းတွင် ဖေဖော်ဝါရီ ၉ရက်က မော်တော်ယာဉ်တစ်စီးဖြင့် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များ၏ စစ်ယာဉ်တစ်စီးကို ဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့သည်။

သေဆုံး

ထို့အပြင် ဘဂ္ဂဒက်မြို့အနောက်ပိုင်းတွင် ဖေဖော်ဝါရီ ၉ရက်က ဗုံးပေါက်ကွဲမှုတစ်ရပ်ကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးသွားခဲ့သဖြင့် တစ်ရက်တည်း အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးသေဆုံးခဲ့ရခြင်းဖြစ်သည်။

ခံရဖွယ်

၂၀၀၈ ခုနှစ်၌ အီရတ်တွင်ရှိသော အမေရိကန် တပ်ဖွဲ့ဝင်များ ပိုမိုတိုက်ခိုက်ခံရဖွယ်ရှိကြောင်း၊ ထို့အပြင် ၂၀၀၇ ခုနှစ်ကထက် ပိုမိုသေဆုံးရဖွယ် ရှိကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

(အင်တာနက်)

အမေရိကန်နိုင်ငံ ဂျော်ဂျီယာ ပြည်နယ်ရှိ အမ်ပီရီရယ် သကြားစက်ရုံအတွင်း ဖေဖော်ဝါရီ ၇ ရက်က ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် မီးခိုးများ ထွက်ပေါ်လာသည်ကို ဤသို့မြင်တွေ့ရသည်။

(ယင်းပေါက်ကွဲမှုကြောင့် ယနေ့အထိ ခြောက်ဦးသေဆုံးပြီး လေးဦးပျောက်ဆုံးကာ ထိခိုက်ဒဏ်ရာရရှိခဲ့သူ ၅၀ကျော်ကို ဒေသဆိုင်ရာ ဆေးရုံသို့ တင်ပို့ပေးခဲ့သည်။)

(အင်တာနက်ဓာတ်ပုံ)

အိုဘားမားနှင့် ဟီလာရီကလင်တန် စကားစစ်ထိုးပွဲ ပြုလုပ်ရန် သဘောတူ

နီဘရာစကာ ဖေဖော်ဝါရီ ၁၀

အမေရိကန်ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းများဖြစ်ကြသည့် အိုဘားမားသည် မတ် ၄ရက်မတိုင်မီ ပြိုင်ဘက် ဟီလာရီကလင်တန် (အောက်ပုံ)**နှင့် စကားစစ်ထိုးပွဲနှစ်ရပ် ပြုလုပ်ရန် ဖေဖော်ဝါရီ ၇ရက်တွင် သဘောတူညီလိုက်ကြောင်း မဲဆွယ်စည်းရုံးရေး တာဝန်ရှိသူများက ပြောကြားသည်။**

စကားစစ်ထိုး

ပထမစကားစစ်ထိုးပွဲကို ဖေဖော်ဝါရီ ၂၆ရက်တွင် အိုဟိုင်းယိုးပြည်နယ်၌ ကျင်းပမည်ဖြစ်ကြောင်း၊ ဒုတိယမြောက် စကားစစ်ထိုးပွဲကို တက္ကဆက်ပြည်နယ်၌ ယင်းနေ့မှာပင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ကျင်းပ

မတ် ၄ရက်တွင် အိုဟိုင်းယိုး၊ ရိုဒီအိုင်းလန်း၊ တက္ကဆက်နှင့် ဗားမောင့်ပြည်နယ်တို့၌ စကားစစ်ထိုးပွဲများ ပြုလုပ်သွားမည်ဟု ဆိုသည်။

ဟီလာရီကလင်တန်က ထိုကာလအတွင်း စကားစစ်ထိုးပွဲ ငါးကြိမ်ပြုလုပ်လိုသည်။ သို့သော်လည်း အိုဘားမားက စည်းရုံးလှုံ့ဆော်မှုအတွက် အချိန်ပိုပြီး ပေးရမည်ဖြစ်၍ ဟီလာရီကလင်တန်၏ အဆိုကို ပယ်ချခဲ့သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

ရှေးဟောင်းဒေသအနီး ဟိုတယ်ဆောက်ခွင့်ပေးမှု ပီရူးပြည်သူများ ကန့်ကွက်ဆန္ဒပြ

လီမာ ဖေဖော်ဝါရီ ၁၀

ပီရူးနိုင်ငံ အင်ကာယဉ်ကျေးမှု ထွန်းကားရာဒေသအနီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများအား ဟိုတယ်များ ဆောက် ခွင့်ပေးသည့်ဥပဒေကို ဆန့်ကျင်ကန့်ကွက်သူများ၏ ချီတက်ဆန္ဒပြမှုကြောင့် ကတ်ကိုမြို့တွင် အသွားအလာများ ဖေဖော်ဝါရီ ၈ ရက်က ရပ်ဆိုင်းကုန်သည်။

ပိတ်ကုန်

ကတ်ကိုမြို့၏ အဓိကလမ်းမကြီးများနှင့်တကွ နာမည်ကျော် မြင့်မြတ်တောင်ကြားနှင့် မြို့တော်၏အင်ကာ ခံတပ် ဆက်ဆေးဟွာပန်းတို့သို့ သွားရာလမ်းများမှာ ပိတ်ကုန်သည်။

လာရောက်

ပီရူးနိုင်ငံ၏ ဤရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ တည်ရှိရာသို့ နှစ်စဉ်ကမ္ဘာလှည့်ခရီးသည် သန်းပေါင်းများစွာ လာရောက်သည်။

ပြောကြား

ထိုဥပဒေမှာ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးကို ရည်ရွယ်ကြောင်း၊ ကန့်ကွက်ဆန္ဒပြခြင်းမှာ အယူအဆမှားမှုကြောင့်ဖြစ်ကြောင်း ပီရူးခရီးသွားလုပ်ငန်းဝန်ကြီးက ပြောကြားသည်။

(အင်တာနက်)

တာလီဘန်ခေါင်းဆောင်မူလာအိုမာ ပါကစ္စတန်၌ ရှိနေဟုဆို

ဝါရှင်တန် ဖေဖော်ဝါရီ ၁၀

တာလီဘန်ခေါင်းဆောင် မူလာအိုမာနှင့် အိုစမာဘင်လာဒင် အပါအဝင် အယ်လ်ခိုင်ဒါ ခေါင်းဆောင်များသည် ပါကစ္စတန်နိုင်ငံ၌ နေထိုင်လျက်ရှိကြောင်း အမေရိကန်ထိပ်တန်း တာဝန်ရှိသူတစ်ဦးက သတင်းထောက်များအား ပြောကြားသည်။

ပုန်းအောင်း

ထိပ်တန်းတာလီဘန်ခေါင်းဆောင်များသည် ပါကစ္စတန်နိုင်ငံ ကွတ်တာမြို့၌ မူလာအိုမာနှင့်အတူ ပုန်းအောင်းနေကြောင်း ၎င်းက ပြောကြားသည်။

ယုံကြည်

ဘင်လာဒင်သည် ပါကစ္စတန်နိုင်ငံအနောက်ပိုင်း လူမျိုးစုဒေသများရှိ ဒုက္ခသည်စခန်း၌ ရှိနေသည်ဟု အမေရိကန်နိုင်ငံက ယုံကြည်ထားကြောင်း အဆိုပါ အမေရိကန် တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

ငြင်းဆို

မူလာအိုမာ သို့မဟုတ် ဘင်လာဒင်သည် ပါကစ္စတန်နိုင်ငံ၌ ရှိနေသည် ဆိုခြင်းကို ပါကစ္စတန်က ငြင်းဆိုထားသည်။

(အင်တာနက်)

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ရခိုင်ပြည်နယ်

ဟင်းချက်ရေလှောင်တမံ

ပတ်ဝန်းကျင်နေပြည်သူများ တစ်နှစ်ပတ်လုံး သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေနိုင်ရန် ရခိုင်ပြည်နယ် အမ်းမြို့၌ ဟင်းချက်ရေလှောင်တမံကို ဤသို့တည်ဆောက်ပေးခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု

ရခိုင်ပြည်နယ်အတွင်း ကျောင်းသားကျောင်းသူများ အဆင့်မြင့်နည်းပညာများ လက်လှမ်းမီ သင်ယူနိုင်ရေးအတွက်တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် အစိုးရနည်းပညာတက္ကသိုလ်(စစ်တွေ) အဆောက်အအုံ။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မင်းကြောင်း ချောင်းတံတား

ရခိုင်ပြည်နယ်နှင့် အခြားပြည်နယ်/တိုင်းများအကြား ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် ရန်ကုန်-စစ်တွေလမ်းမပေါ်၌ အခိုင်အခံ့ တည်ဆောက်ပေးထားသည့် မင်းကြောင်းချောင်းတံတားကို ဤသို့တွေ့နိုင်သည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

စဉ်	အကြောင်းအရာ	ယူနစ်	၁၉၈၈	၂၀၀၇	တိုးတက်မှု
၁	[illegible]	ဧက	[illegible]	[illegible]	[illegible]
၂	ဆည်တမံ(ဆည်ကြီး/အသေး)	ခု	၂	၇	၅
၃	မြစ်ရေတင်စက်ကွင်း	ခု	-	၄	၄
၄	[illegible]	[illegible]	၁၀၆	၂၈၇	၁၈၁
၅	[illegible]	[illegible]	-	[illegible]	[illegible]
၆	တံတားများ	စင်း	၄၄၈	၁၀၆၀	၆၁၂
၇	[illegible]	[illegible]	၃၉	၈၇	၄၈
၈	[illegible]	ခု	၁၂	၄၈	၃၆
၉	[illegible]	[illegible]	၁၈	၂၇	၉
၁၀	[illegible]	[illegible]	၁၆	၃၇	၂၁
၁၁	[illegible]	ခု	၇	၁၃	၆
၁၂	[illegible]	[illegible]	-	၂	၂
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	ကျောင်း	[illegible]	[illegible]	[illegible]
၁၅	[illegible]	ခု	၁	၂	၁
၁၆	[illegible]	ခု	-	၁	၁
၁၇	[illegible]	ခု	-	၁	၁
၁၈	[illegible]	[illegible]	၁၆	၃၃	၁၇

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

မညီညွတ်ခြင်းသည်ပင် ဘေးအန္တရာယ်ဟု မြင်၍

အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု

ယခုနောက်ပိုင်း နေ့စဉ်သတင်းစာများတွင် နိုင်ငံတကာသတင်းများကို စိတ်ဝင်စားဖွယ်ဓာတ်ပုံများနှင့်တကွ ကျယ်ကျယ်ပြန့်ပြန့် မြိုင်မြိုင်ဆိုင်ဆိုင် ထည့်သွင်းလာသည်ကို သတိထားမိသည်။ အစစအရာရာ၌ ကောင်းသည်၊ ဆိုးသည်မဟူ ကမ္ဘာနှင့်ချီ၍ အလျင်အမြန် ပျံ့နှံ့နေသော ခေတ်ကြီးတွင် နိုင်ငံတကာဖြစ်စဉ်ဖြစ်ရပ်များကို စုံစုံလင်လင်နှင့် မြန်မြန်ဆန်ဆန် သိခွင့်ရသဖြင့် ကြိုဆိုပါ၏။

သတင်းစာများ၏ ကျေးဇူးကြောင့် ကမ္ဘာ့ဖြစ်ရပ်များကို သတင်းစာမျက်နှာပေါ်တွင် တစုတပေါင်းတည်း ဖတ်ရသောအခါ သိသာထင်ရှားသော အချက်တစ်ခုကို သတိထားမိပြန်သည်။ ယင်းမှာ ကမ္ဘာအနှံ့ သွေးထွက်သံယို တိုက်ခိုက်အကြမ်းဖက်မှုများ များပြားနေခြင်းပင်ဖြစ်၏။ သီရိလင်္ကာတွင် ဗုံးပေါက်ကွဲ၍ ဝန်ကြီးတစ်ဦး သေဆုံးသောသတင်း၊ တမီးလ်ကျားသူပုန်များကို သီရိလင်္ကာအစိုးရက ဖိအားပေးစစ်ဆင်နေပြီး အပစ်အခတ်ရပ်စဲမှု ပျက်ပြားသွားသောသတင်း၊ အရှေ့အလယ်ပိုင်းတွင် ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးနှင့် ပါလက်စတိုင်း ဟားမတ်စ်အဖွဲ့တို့အကြား တိုက်ခိုက်သောသတင်း၊ ဟားမတ်စ်အုပ်စုနှင့် ဖာတာအုပ်စုတို့ တိုက်ခိုက်မှုသတင်း၊ အီရတ်၌ အသေခံဗုံးပေါက်ကွဲ၍ ဆွန်နီဒေသခေါင်းဆောင်နှင့် လူအများအပြား သေဆုံးမှုသတင်း၊ အမေရိကန်လေတပ်က အယ်လ်ခိုင်ဒါတို့ ပုန်းခိုရာနေရာဟု မသင်္ကာသော စွန်ပလွံပင် အုပ်စုကို ၁၀မိနစ်အတွင်း ဗုံး၁၈တန် ကြဲချသောသတင်း၊ အာဖဂန်နစ္စတန်တွင် ကြယ်ငါးပွင့်ဟိုတယ်တစ်ခုအတွင်း၌ တာလီဘန် အသေခံဖောက်ခွဲရေးသမားများက ဖောက်ခွဲတိုက်ခိုက်၍ နိုင်ငံခြားသားအချို့အပါအဝင် လူအများ သေဆုံးမှုသတင်း၊ ပါကစ္စတန် နိုင်ငံတွင် လာဟိုး၊ ကရာချိ စသောမြို့များ၌ ဗုံးပေါက်ကွဲမှုသတင်းများ၊ ပါကစ္စတန်အနောက်ဘက် နယ်စပ်ဒေသတွင် အစိုးရတပ်များနှင့် လူမျိုးစုလက်နက်ကိုင်များ အပြင်းအထန် တိုက်ခိုက်မှုကြောင့် အများအပြား ထိခိုက်သေဆုံးမှုသတင်းများစသည် စသည်ဖြင့် စိတ်မသက်သာဖွယ်ဖြစ်ရပ်များကို နေ့စဉ်ဖတ်ရှုနေရသည်။

ဤတွင် ထပ်မံသတိပြုမိသည်မှာ ယင်းအကြမ်းဖက်တိုက်ခိုက်မှုများအနက် အများစုမှာ နိုင်ငံသားအချင်းချင်း ပစ်မှတ်ထား၍ တိုက်ခိုက်နေကြခြင်းဖြစ်သည်။ ဘာကြောင့် ဤသို့ အချင်းချင်းသတ်နေကြပါသနည်းဟု ဆန်းစစ်ကြည့်သောအခါ ထူးခြားသော အချက်တစ်ခုကို တွေ့ရှိလာရသည်။ ယင်းမှာ အဆိုပါ အနိဋ္ဌာရုံဖြစ်ရပ်မှန်သမျှ နယ်ချဲ့တို့၏ လက်ရာ၊ ခြေရာမကင်းခြင်းပင် ဖြစ်၏။

တစ်ပါးနိုင်ငံကိုနယ်ချဲ့ရာတွင် ဂန္ထဝင်မြောက် အလွယ်ကူ အသက်သာဆုံးနှင့် အထိရောက်ဆုံးနည်းမှာ ယနေ့ထက်တိုင် မရိုးနိုင်သည့် သွေးခွဲအုပ်ချုပ်မှုစနစ် (Divide and Rule)ပင် ဖြစ်၏။ ဤစနစ်သည် လွယ်ကူထိရောက်သလောက် ရေရှည်အကျိုးသက်ရောက်မှုလည်း ရှိရကား ယနေ့ထက်တိုင် အချင်းချင်းသတ်ဖြတ်တိုက်ခိုက်မစဲ၊ ရန်ငြိုးများသည်းနေကြသည့် ဖြစ်ရပ်အချို့၏ မြစ်ဖျားခံရာ သမိုင်းကြောင်းမှာ ကိုလိုနီခေတ်မှ အမွေဆိုးများကို ဆက်ခံခဲ့ကြရခြင်းဖြစ်ကြောင်း တွေ့ရ၏။

ဥပမာအားဖြင့် သီရိလင်္ကာနိုင်ငံတွင် ခွဲထွက်ရေးတောင်းဆိုကာ ဆူပူအုံကြွနေသော တမီးလ်ကျားသူပုန်တို့နှင့် ဆင်ဟာလီဗဟိုအစိုးရတို့၏ ပဋိပက္ခအရင်းအမြစ်မှာ ကိုလိုနီခေတ်က လောဘဇောတိုက်၍ သီဟိုဠ်ကျွန်းတွင် ကော်ဖီစိုက်ရန် လုပ်ခစျေးပေါသော တမီးလ် လုပ်သားများကို အိန္ဒိယမှ အလုံးအရင်းဖြင့် ခေါ်သွင်းခိုင်းစေခဲ့သည့် ဗြိတိသျှနယ်ချဲ့တို့၏ လုပ်ရပ်ပင်ဖြစ်သည်။ ဆင်ဟာလီတို့ထက် ပိုမိုကျိုးနွံ နာခံတတ်သည့် တမီးလ်တို့အား လက်ရင်း၌ထား၍ မွေးမြူကာ သာသနာပြုကျောင်းများထောင်၍ အင်္ဂလိပ်စာသင်ကြားပေးခြင်း၊ ခေတ်ပညာသင်ပေးခြင်းနှင့် ကိုလိုနီအစိုးရလက်အောက်ခံ ဗျူရိုကရက်များအဖြစ် ပျိုးထောင်ပေးခဲ့ခြင်းတို့က လူအများစုဒေသခံဆင်ဟာလီနှင့် တမီးလ်တို့အကြား သွေးကွဲစေခဲ့သည်။ နယ်ချဲ့တို့က မိမိအကျိုးစီးပွားအတွက် သွေးခွဲပေးခဲ့ရာမှ ယနေ့ထက်တိုင် လူပေါင်း၇၀၀၀ သေဆုံးပြီးသည်အထိ မပြေသည့်ရန်ငြိုးဖြင့် နှစ်ဖက်အပြန်အလှန် သွေးကြွေးဆပ်၍မကုန်ဘဲ ရှိနေသည်။

အလားတူပင် အစ္စရေး–ပါလက်စတိုင်း ပြဿနာသည်လည်း ဘဲလ်ဖိုးသဘောတူညီချက်ဖြင့် ဗြိတိသျှစောင့်ရှောက်ခံ ပါလက်စတိုင်းနယ်အတွင်းသို့ ဂျူးလူမျိုးများကို တိတ်တဆိတ်ပို့လွှတ် ခွင့်ပြုခဲ့သည့် ဗြိတိသျှနယ်ချဲ့တို့၏ စနက်မီးမှုစခဲ့သည့် ကိစ္စပင်ဖြစ်၏။ ဤပြဿနာသည်လည်း ယနေ့ထက်တိုင် မရေမတွက်နိုင်သော အသက်ပေါင်းမြောက်မြားစွာ ရင်းနှီးခဲ့ရသည့်တိုင် ပြေလည်ရန်လမ်းစနှင့် ဝေးနေဆဲဖြစ်သည်။

ဤသို့ ခေတ်ဟောင်းဂန္ထဝင် ကိုလိုနီဆိုးမွေခံ ပြဿနာများရှိသကဲ့သို့ ခေတ်သစ်နယ်ချဲ့ဝါဒီတို့၏ စနက်ကြောင့် သွေးပင်လယ်ဝေနေရဆဲ ပြဿနာများမှာ အများသိကြသည့်အတိုင်း အီရတ်၊ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်စသော အာရှအနောက်ပိုင်းဒေသများတွင် တွေ့နိုင်ပါသည်။ ထိုနိုင်ငံများတွင် ပြည်ပအင်အားကြီးနိုင်ငံတို့က ယင်းတို့၏အကျိုးစီးပွားအတွက် ယင်းတို့အလိုကျ အင်အားသုံးစွက်ဖက်မှုများ၊ အိမ်ကြက်ချင်း အိုးမဲသုတ်၍ ခွပ်ခိုင်းမှုများကြောင့် ပြည်ပတပ်များလက်ချက်ဖြင့် လည်းကောင်း၊ နိုင်ငံသားအချင်းချင်း လက်ချက်ဖြင့်လည်းကောင်း အပြစ်မဲ့ပြည်သူတို့၏ အသက်ပေါင်းများစွာ အချည်းနှီးဆုံးပါးရလျက်ရှိသည်။ အီရတ်တွင် ၂၀၀၃ခုနှစ်နောက်ပိုင်း အကျိုးမဲ့ သေဆုံးရသူပေါင်းမှာ ၁၅၁၀၀၀မှ ၆၀၀၀၀၀ ခန့်အကြားရှိသည်ဟု လေ့လာချက် စစ်တမ်းများက ဆိုသည်။

လှိုင်အောင်

ခေတ်ဟောင်းဖြစ်စေ၊ ခေတ်သစ်ဖြစ်စေ နယ်ချဲ့တို့အတွက် တိုင်းတစ်ပါးကိုလွှမ်းမိုးနိုင်ရန် အလွယ်ဆုံးနှင့် အထိရောက်ဆုံးနည်းမှာ ပစ်မှတ်ထားသော လူ့အဖွဲ့အစည်း၊ ပစ်မှတ်ထားသော နိုင်ငံကို ဖရိုဖရဲ မညီမညွတ်ဖြစ်အောင် သပ်လျှိုသွေးခွဲခြင်းပင်ဖြစ်သည်။ အက်ကြောင်းရှိလျှင် ရေဝင်နိုင်သည်။ အပေါက်အပြဲ အနာဝရှိလျှင် ပြင်ပမှ ရောဂါပိုးဝင်နိုင်သည်။ ၂၀၀၁ခုနှစ်က အာဖဂန်နစ္စတန်စစ်ပွဲတွင် တင့်ကား မပါ၊ အမြောက်ကြီး မသုံး၊ ခြေလျင်တပ်ရင်းတစ်ရင်းမျှ တပ်မချဘဲ လက်တစ်ဆုပ်စာ အထူးတပ်ဖွဲ့ဝင်များဖြင့် ခက်ခဲကြမ်းတမ်းလှသော နယ်မြေ၌ တာလီဘန်အင်အားအများအပြားကို အနိုင်ယူနိုင်ခဲ့သည်မှာ အာဖဂန်မြောက်ပိုင်းဒေသမှ လူမျိုးစုလက်နက်ကိုင်များကို အမေရိကန်တို့က သွေးခွဲစည်းရုံးနိုင်ခဲ့သောကြောင့် ဖြစ်သည်။

မည်သည့် အကြောင်းကြောင့်ဖြစ်စေ အချင်းချင်း သတ်ဖြတ်တိုက်ခိုက်ကြရပြီဆိုလျှင် မည်သူတွေ အကျိုးကျေးဇူးရပါသနည်း။ နိုင်ငံသားအချင်းချင်းပဋိပက္ခကြောင့် မည်သည့်နိုင်ငံသားမျှ အကျိုးမရှိသည်မှာ သေချာလှပါသည်။

ယခုဖော်ပြခဲ့သည့် ပြည်တွင်းပဋိပက္ခများ၏သက်တမ်းကို ဆန်းစစ်ကြည့်လျှင် ပါလက်စတိုင်းပြဿနာ (၁၉၄၈မှ ယနေ့အထိ နှစ်ပေါင်း ၆၀)၊ သီရိလင်္ကာပြဿနာ (၁၉၆၃မှ ယနေ့အထိ ၄၅နှစ်)၊ အာဖဂန်နစ္စတန်ပြဿနာ(၂၀၀၁မှ ယနေ့အထိ ခုနစ်နှစ်)၊ အီရတ်ပြဿနာ (၂၀၀၃မှ ယနေ့အထိ ငါးနှစ်)ရှိပြီဖြစ်ပြီး ယင်းပြဿနာများ မည်သည့် ကာလတွင် အဆုံးသတ်နိုင်မည်ကို မေးခွန်းထုတ်ပါလျှင်မူ မည်သည့် နိုင်ငံတကာရေးရာ ပညာရှင်မဆို 'မသိပါ'ဟုသာ ရိုးသားစွာ ဖြေဆိုကြရမည် ဖြစ်လေသည်။

ထိုသို့ အဆုံးမမြင်သော ပဋိပက္ခပြဿနာကြောင့် မည်သူတွေမည်မျှ အကျိုးရှိပါသနည်း။ နိုင်ငံတစ်ခုတွင် ပဋိပက္ခဟူသည်မှာ သွေးယိုစီးနေသော ဒဏ်ရာတစ်ခုနှင့်တူသည်။ ကြာလာသည်နှင့်အမျှ သွေးများယိုစီးဆုံးရှုံးကာ အင်အားယုတ်လျော့လာမည်။ ပြင်ပမှ ပယောဂရောဂါပိုးများ ဝင်ရောက်လာကာ ငန်းမန်းစွဲ၍ သတိလစ်မေ့မြော ကုမရတော့သည့်အဆင့်သို့ ရောက်သွားနိုင်သည်။

အလားတူပင် ပဋိပက္ခကြောင့် ချုံးချုံးကျကာ တိုင်းပြည်ပါ ပျက်လုနီးပါးဖြစ်သွားသော နိုင်ငံများ (ဥပမာ–ဆိုမာလီယာ၊ ရဝမ်ဒါ)၊ ပြိုကွဲသွားသော ပြည်ထောင်စုနိုင်ငံများ (ဥပမာ–ယူဂိုဆလပ်ပြည်ထောင်စု၊

အသိအမြင် မရှင်းသူများ၊ အထူးသဖြင့် အနည်းငယ်သာသိပြီး ကိုယ့်ကိုယ်ကို သိလှပြီထင်နေသူများမှာ နယ်ချဲ့တို့၏ပိုက်ကွန်ကို ရွှေနော်ဇာပန်းခက်ဟုထင်ကာ ထွေးပိုက် ကျေနပ်နေတတ်ကြသည်။ ထိုသို့သောသူများ ရှိနေသရွေ့ နယ်ချဲ့တို့၏ ပိုက်ကွန်အတွင်း သက်ဆင်းမိကာ ရုန်းမထွက်နိုင်ဖြစ်ကြရချေမည်။ နယ်ချဲ့တို့ ကလည်း ပိုက်ကွန်တွင်းမှ ရုန်းမထွက်နိုင်စေရန် အချင်းချင်း မညီမညွတ်ပြိုကွဲတိုက်ခိုက်နေကြလေအောင် သပ်လျှိုရန်တိုက်ပေး နေမည်သာဖြစ်၏။

၂၀၀၈ခုနှစ် (၆၀)နှစ်မြောက် ပြည်ထောင်စုနေ့

အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

(၃) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

(၄) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၅) အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့်အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်ရေး၊

(၆) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ကျွန်းနှင့် ကိုင်း

အရွက်အခက်၊ ကိုင်းချင်းဆက်၍
သွယ်ယှက်လန်းဖြာ၊ အေးရိပ်သာလျက်
ခိုင်မာပင်စည်၊ နှစ်ပေါင်းရှည်စွာ
တံ့တည်နေသည့် သစ်တစ်ပင်။

မြေတွင်းစူးနစ်၊ ရေသောက်မြစ်နှင့်
သစ်မြစ်များစွာ၊ ယှက်သန်းဖြာလျက်
ကြီးစွာပင်စည်၊ မြဲခိုင်တည်၏။

အခက်အကိုင်း၊ ပမာနှိုင်းသော်
မြန်တိုင်းပြည်ဖွား၊ သွေးချင်းများပင်
ဝင့်ကြွားခံ့ထည်၊ ထိုပင်စည်လျှင်
စုံညီသွေးချင်း၊ သွေးသားရင်းတို့
မှီတင်းနေရာ၊ ပြည်မြန်မာတည့်။

မြေတွင်းစူးနစ်၊ ရေသောက်မြစ်လျှင်
မျိုးချစ်စိတ်မာန်၊ အခြေခံတည့်။

အမြစ်များစွာ၊ သွယ်ယှက်ဖြာ၍
ခိုင်မာပင်စည်၊ မြဲခိုင်တည်မှ
ပွားစည်ခက်လက်၊ အုပ်မိုးယှက်သို့
ကိုင်းခက်များစွာ၊ စိမ်းလန်းဖြာမှ
ခိုင်စွာပင်စည် အစွန့်ရှည်။
ကျွန်းကိုကိုင်းမှီ ကိုင်းကျွန်းမှီ။ ။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်–

မောင်မောင်မိုးအောင်

ဆိုဗီယက်ပြည်ထောင်စု)ကိုသာ တွေ့ဖူးပါသည်။ ပဋိပက္ခကြောင့် ကြီးပွားချမ်းသာတိုးတက်ဖွံ့ဖြိုးသွားသောနိုင်ငံမျိုး တစ်ခါမျှ မတွေ့ဖူးပါ။ ဆင်းရဲသည်ထက် ဆင်းရဲ၊ မွဲသည်ထက် မွဲကြသည်သာ ဖြစ်ပါသည်။ အထက်တွင် ပါရှိခဲ့သည့် ပါလက်စတိုင်း၊ သီရိလင်္ကာ၊ အာဖဂန်နစ္စတန်၊ အီရတ်၊ ဆိုမာလီယာ၊ ရဝမ်ဒါစသည့် နိုင်ငံများသာမက ယနေ့သတင်းစာများတွင် ခေတ်စားနေသော ဆူဒန်၊ ကင်ညာနိုင်ငံများပါမကျန် ပြဿနာ နိုင်ငံမှန်သမျှ ဆင်းရဲဒုက္ခနွံတွင်း၌ နစ်ပြီးရင်းနစ်နေကြရသည်ကို တွေ့နိုင်သည်။

ဤပြဿနာပဋိပက္ခများတွင် အမှန်တကယ် အကျိုးရှိသူမှာ တောမီးလောင်မှ တစ်ဝမ်းစာဝ၍ လက်ခမောင်းခတ်ရသော တောကြောင်များ၊ ပွဲလန့်တုန်း ဖျာခင်းလိုသူများ၊ သူတစ်ပါး မညီညွတ် မငြိမ်သက်မှုကို အခွင့်ကောင်းယူ အမြတ်ထုတ်လိုသော နယ်ချဲ့များသာဖြစ်သည်။

ဥပမာ–အီရတ်နှင့် အာဖဂန်နစ္စတန်တွင် ပြည်ပတပ်များ ဝင်ရောက်သိမ်းပိုက်ခဲ့ပြီးနောက် မတည်ငြိမ်မှုနှင့် မညီညွတ်မှုများကို အကြောင်းပြကာ ပြန်ထွက်မသွားတော့ဘဲ တပ်စွဲထားတော့သည်။ ဩဇာခံရုပ်သေးအစိုးရများကား နိုင်ငံကိုလည်း အေးချမ်းတည်ငြိမ်အောင် မိမိတို့ဘာသာ မတတ်နိုင်၊ ပြည်ပတပ်ဖွဲ့များကိုလည်း ပြန်သွားပါဟု မောင်းမထုတ်နိုင်ဖြစ်ကာ သူတစ်ပါးခိုင်းသမျှ လုပ်နေရသည့်ဘဝ ရောက်နေရသည်။ အလားတူပင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်ဖြင့် ဆားဘီးယားနိုင်ငံက အချုပ်အခြာအာဏာ ပိုင်သည်ဟု အသိအမှတ်ပြုထားသည့် ကိုဆိုဗိုဒေသ၌ ဒေသလူများစုဖြစ်သည့် အယ်လ်ဘေးနီးယန်း လူမျိုးများကို တစ်ဖက်သတ် လွတ်လပ်ရေးကြေညာစေရန် အတင်းအကျပ် မြှောက်ထိုးပင့်ကော် ပြုနေသည်မှာလည်း နယ်ချဲ့များပင်ဖြစ်သည်။ ကိုဆိုဗိုကို လွတ်လပ်ရေးကြေညာပြီး ဆားဘီးယားမှ ခွဲထွက်သွားလျှင်လည်း နိုင်ငံတကာစောင့်ရှောက်ကြီးကြပ်မှု အမည်ခံကာ ပြည်ပတပ်ဖွဲ့များ ဆက်လက်တည်ရှိနေဦးမည်သာဖြစ်သည်။ သယံဇာတကင်းမဲ့၍ အင်အားနည်းပါးလှသော ကိုဆိုဗိုတွင် တက်လာသည့် ဩဇာခံရုပ်သေးအစိုးရမှာလည်း အစစအရာရာ သူတစ်ပါးကိုသာ အားကိုးကာ လက်ဝေခံဘဝ၌သာ နေရဦးမည်မှာ သေချာသည်။ ထို့အပြင် လူနည်းစုဆာ့ဘ်တို့နှင့် မသင့်မမြတ်ဖြစ်ကာ လက်နက်ကိုင် ပဋိပက္ခများဖြင့် သွေးချောင်းစီးရဦးမည် ဖြစ်သည်။

စင်စစ်၌ နိုပါတ်တော်လာ သောက်ရေတစ်ပေါက်အတွက် အသက်နှင့်ရင်း၍ အချင်းချင်းသတ်ပုတ်ကြသည့် တောဝက်နှင့် ခြင်္သေ့ကဲ့သို့ သွေးအလိမ်းလိမ်းဒဏ်ရာများဖြင့် နှစ်ဦးသား အားပြတ်၍လဲကာမှ နံဘေးသစ်ငုတ်တိုတွင် လာနားနေသော လင်းတကိုမြင်ကြသည့် ပုံဝတ္ထုကို သင်ခန်းစာယူသင့်ပေ၏။ အချင်းချင်း ဆက်လက်သတ်ပုတ်လျှင် ရေအိုင်လည်းနောက်၊ အသက်လည်း ပျောက်ရုံသာရှိတော့မည်ဟု နောင်တရကြ၍ သောက်ရေကို နှစ်ဦးခွဲဝေသောက်ကာ အေးချမ်းစွာ ပြန်သွားနိုင်ကြလျှင် အကျိုးအရှိဆုံး ဖြစ်ပေလိမ့်မည်။ သို့မဟုတ်လျှင်ကား လင်းတအိုကြီး၏ နှုတ်သီးဖျား၌သာ ဇာတ်လမ်းဆုံးကြရမည်ဖြစ်၏။

ကမ္ဘာ့အင်အားကြီး စူပါ ပါဝါနိုင်ငံကြီးမှ အထက်တန်းစစ်ဘက်အရာရှိတစ်ဦးက ထင်ရှားသော စစ်ပညာစာစောင်တစ်ခုတွင် "ကမ္ဘာကြီးမတည်ငြိမ်မှုသည် မိမိတို့နိုင်ငံ၏ အကျိုးစီးပွားကိုဖြစ်စေသည်"ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ်ရေးသားထားသည်ကို ဖတ်ရှုခဲ့ရဖူးပါသည်။ သမိုင်းကြောင်းအရလည်း ပြီးခဲ့သည့် ကမ္ဘာစစ်ကြီးနှစ်ခုတွင် မည်သူအကျိုးအရှိဆုံးဖြစ်ခဲ့သည်ကို သမိုင်းလေ့လာဖူးသူတိုင်း သိကြပါ၏။

သို့သော် ခေတ်သစ်နယ်ချဲ့တို့သည် ခေတ်ဟောင်းကိုလိုနီနယ်ချဲ့တို့ထက် ပိုမိုပရိယာယ်ကြွယ်ဝကြ၏။ ပိုမိုသိမ်မွေ့နူးညံ့၍ မမြင်သာသော နည်း (more subtle ways) များဖြင့် နဖားကြိုးထိုးတတ်ကြသည်။ ဒီမိုကရေစီ မျက်မှန်စိမ်းကိုတပ်ပေးကာ ခေတ်ဆွေးနေသော နယ်ချဲ့ဝါဒ ကောက်ရိုးခြောက်များကို ထိုးကျွေးတတ်ကြသည်။ ရှေးကိုလိုနီခေတ်ကဲ့သို့ စစ်သင်္ဘောများဖြင့် တက်လာကာ ရှင်ဘုရင်ကို ကြက်ကလေး၊ ငှက်ကလေးကဲ့သို့ ဖမ်းဆီး၍ ပြည်သူတစ်ရပ်လုံးကို အဓမ္မကျွန်ပြုသည့် ပေါ်ပေါ်ထင်ထင် ကျွန်ပြုနည်း မဟုတ်တော့ပြီ။ ဘက်စုံထောင့်စုံမှ နည်းလမ်းစုံဖြင့် နိုင်ငံတစ်ခုကို စနစ်တကျဖြိုခွဲ၍ အလိုအလျောက် ဒူးထောက်ကျွန်ခံလာစေသည့် အဝေးထိန်း နယ်ချဲ့နည်းဖြစ်သည်။ တစ်နည်းဆိုသော် ကွန်ရက်စနစ်ဖြင့် ဘက်စုံမှ စနစ်တကျထိန်းချုပ်စီမံကာ ကျွန်ပြုသော ကွန်ရက်ဗဟိုပြု နယ်ချဲ့စနစ်(network centric imperialism) ဖြစ်သည်။ နယ်ချဲ့တို့၏ ကွန်ရက်အတွင်း၌ စီးပွားရေးပိတ်ဆို့မှု၊ စီးပွားပျက်အောင် ဖြိုခွဲမှုစသော စီးပွားရေးနည်းလမ်းများ၊ အဖျက်အမှောင့် ကောလာဟလနှင့် ဆူပူအုံကြွမှုစသော မြေအောက်နိုင်ငံရေးနည်းလမ်းများ၊ ဗုံးခွဲခြင်း၊ အပြစ်မဲ့ ခရီးသွားပြည်သူများ၊ အေးချမ်းစွာ သွားလာလုပ်ကိုင် စီးပွားရှာနေသော ပြည်သူများကို တိုက်ခိုက်သတ်ဖြတ်ခြင်း စသော အကြမ်းဖက်လုပ်ရပ် နည်းလမ်းများ၊ ပြည်သူလူထုကို စိတ်ဓာတ်ရေးအရ သိမ်းသွင်းကျွန်ပြုနေသည့် မီဒီယာနယ်ချဲ့နည်းလမ်းများ၊ လိုအပ်လာလျှင် စစ်အင်အားသုံး၍ အတင်းအကျပ် ဖြိုခွဲသည့် စစ်ရေးနည်းလမ်းများ၊ သံတမန်ရေးအရ ဖိအားပေးအပုပ်ချမှု နည်းလမ်းများ၊ ဩဇာခံရုပ်သေးများကို မွေးမြူစင်တင်၍ နိုင်ငံတကာနှင့်ပြည်တွင်းနိုင်ငံရေးတွင် နေရာ ရလာရအောင် ဖန်တီးပေးသည့် နိုင်ငံရေး နည်းလမ်းများ၊ တိုင်းရင်းသားလူမျိုးစုများအကြား၊ ဘာသာဝင်များအကြား၊ လူတန်းစားအလွှာများအကြား စိတ်ဝမ်းကွဲအောင် သပ်လျှိုဖြိုခွဲမှုနည်းလမ်းများ စသည် စသည်ဖြင့် ကျယ်ပြန့်လှသော နည်းလမ်းများစွာ ပါဝင်နေသည်။

ဤသို့ နည်းနာပရိယာယ်ကြွယ်ဝလှသော ခေတ်သစ်နယ်ချဲ့စနစ်နှင့် ရင်ဆိုင်နေရသောကာလတွင် အရေးအကြီးဆုံးအချက်မှာ ပိုက်ကွန်ကို ပိုက်ကွန်မှန်းသိဖို့ပင်ဖြစ်၏။ **အသိအမြင် မရှင်းသူများ၊ အထူးသဖြင့် အနည်းငယ်သာသိပြီး ကိုယ့်ကိုယ်ကိုသိလှပြီ ထင်နေသူများမှာ နယ်ချဲ့တို့၏ပိုက်ကွန်ကို ရွှေနော်ဇာပန်းခက်ဟု ထင်ကာ ထွေးပိုက် ကျေနပ်နေတတ်ကြသည်။ ထိုသို့သောသူများ ရှိနေသရွေ့ နယ်ချဲ့တို့၏ ပိုက်ကွန်အတွင်း သက်ဆင်းမိကာ ရုန်းမထွက်နိုင်ဖြစ်ကြရချေမည်။ နယ်ချဲ့တို့ကလည်း ပိုက်ကွန်တွင်းမှ ရုန်းမထွက်နိုင်စေရန် အချင်းချင်း မညီမညွတ် ပြိုကွဲတိုက်ခိုက်နေကြလေအောင် သပ်လျှို ရန်တိုက်ပေးနေမည်သာ ဖြစ်၏။**

ဤအန္တရာယ်ကို အန္တရာယ်အစစ်အမှန်ဟု သိမြင်နားလည်၍ ဘုရားအလောင်းငုံးမင်း ပုံဝတ္ထုကဲ့သို့ ညီညာဖြဖြ ပိုက်ကွန်ကိုဆောင်ကာ ရုန်းထွက်ပျံသန်းနိုင်ကြမှသာလျှင် ခေတ်ဟောင်း၊ခေတ်သစ် ကိုလိုနီနယ်ချဲ့တို့၏ ကွန်ရက်အောက်မှ လွတ်မြောက်ပြီး ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်သည့် ချမ်းသာသုခကို ရရှိခံစားနိုင်ကြမည်ဖြစ်ကြောင်း မီးမောင်းထိုးပြလိုက်ရပါသတည်း။ ။

သွေးချင်းများရဲ့ပြည်မြန်မာ

ကာချင်း

* အရှေ့အနောက်　　မြောက်ဘက်ဖျား
တောင်တန်းကြီးများ　　ကာရံထား
နယ်နိမိတ်အလား　　နယ်နိမိတ်အလား။
ဟုတ်တည်း　　ဆွေရင်း ဆွေရင်း၊
ဟုတ်တည်း　　သည်ရင်း သည်ရင်း။

* စိမ်းလဲ့သန့်ကြည်　　ဧရာဝတီ
မြောက်မှတောင်သို့　　ဖြတ်သန်းချီ
စီးဆင်းသည်　　စီးဆင်းသည်။
ဥတုသဘာဝ　　လွန်မျှတ
သယံဇာတ　　ပေါကြွယ်ဝ
ဘိုးဘွားမွေပ　　ထိန်းသိမ်းကြ
ဘိုးဘွားမွေပ　　ပိုင်ဆိုင်ကြ။

* အမှန်စိုက်ပျိုး　　ထွက်တိုးသီးနှံ
ဖိုးတန်မြေမှာ　　ပဒေသာ
ဝေဝေဆာဆာ　　အသေအချာ
ပြည်မြန်မာမှာ　　ဝေဝေဆာ။

* တွင်းထွက်ကျောက်မျက်　　ပုလဲနက်နှင့်
တောထွက်သစ်စုံ　　သုံးမကုန်
လုံးစုံကြွယ်ဝ　　လုံးစုံကြွယ်ဝ။

* ဘာသာယဉ်ကျေး　　ပေါင်းစုဝေး
အလေးအမြတ်　　ထားအပ်အရာ
အစဉ်လာ　　အစဉ်လာ။

* ညီသားနောင်ရင်း　　တိုင်းရင်းမှန်သမျှ
စည်းလုံးဟုတ္တာ　　စည်းလုံးဟုတ္တာ။

* တွဲလက်ယှက်ကာ　　ပြည်မြန်မာကို
ကာကွယ်ကြမှာ　　ညီညီညာ–ညီညီညာ။
ရေသားပြင်လော၊ သွေးချင်းလော၊ မိသားလော။ ။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်–

လင်းအောင်(ဒီးကုန်း)

မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲ အောင်ဘာလေသိန်းဆုဌာနခွဲ၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲတွင် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးသတ်လုပ်ငန်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။ ရှေးဦးစွာ ကျောက်တံတားခရိုင်နယ်မြေမှ ဒုတိယမီးသတ်ဦးစီးမှူး ရဲသူရိန်ကိုကိုစိုးက မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးသတ်လုပ်ငန်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဟောပြောသည်။ **(အပေါ်ပုံ)**

ထို့နောက် ရှေးဦးမီးငြိမ်းသတ်ရေးပစ္စည်းများဖြစ်သည့် မီးသတ်ဆေးဘူးများ ကိုင်တွယ်အသုံးပြုပုံတို့ကို ရှင်းလင်းကာ မီးငြိမ်းသတ်ပုံကို သရုပ်ပြသကြသည်။ **(က–ပ)**

အထက(၂) သာယာဝတီ အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

သာယာဝတီမြို့နယ် အထက(၂) (အေ–ဘီ–အမ်)ကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ အငြိမ်းစား ဆရာ ဆရာမကြီးများနှင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို သာယာဝတီမြို့၌ ဦးစံသိန်း ကျောင်းအုပ် အထက(၂) သာယာဝတီ ဖုန်း–၀၅၅–၂၀၀၅၀၊ ဒေါက်တာနီနီအေး ဖုန်း–၀၅၅–၂၀၃၂၆၊ ဒေါ်သန်းသန်းချို ဖုန်း–၀၅၅–၂၀၈၀၉၊ ဦးကျော်ကျော်ဦး ဖုန်း–၀၅၅–၂၀၃၂၇၊ ဦးဇော်ညီညီစိန် ဖုန်း–၀၅၅–၂၀၇၄၉ တို့သို့ လည်းကောင်း၊ ရန်ကုန်မြို့၌ ဦးသက်မော်ဦး ဖုန်း–၂၉၂၈၂၈နှင့် ဒေါက်တာစုစုခိုင် ဖုန်း–၅၄၁၇၉၁ တို့သို့ လည်းကောင်း ဆက်သွယ် လှူဒါန်းနိုင်သည်။ **(က–ပ)**

■ *ကျောဖုံးမှ*

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ဝေထားတဲ့ ကျောင်းသားသုံး အင်္ဂလိပ်၊ အင်္ဂလိပ်–မြန်မာ အဘိဓာန်ကို မိုဘိုင်းလ်ဖုန်းများအတွက် ထုတ်လုပ်ထားခြင်းဖြစ်ပါတယ်။ ဒီလိုအဘိဓာန်စာအုပ်ကြီးကို မိုဘိုင်းလ်ဖုန်းတွေထဲမှာ သုံးလို့ရအောင် တီထွင်နိုင်ခဲ့လို့ အဘိဓာန်စာအုပ်ကို နေရာတကာ သယ်ဆောင်သွားစရာမလိုဘဲ မိုဘိုင်းလ်ဖုန်းထဲမှာ အလွယ်တကူဖွင့်ကြည့်လို့ရနိုင်ပါပြီဟု PACE Computer Systems ဥက္ကဋ္ဌ ဦးအောင်ခင်မြင့်က ပြောပြသွားပါတယ်။

"မိုဘိုင်းလ်ဖုန်းမှာ အဘိဓာန်ကို အလွယ်တကူ ကြည့်ရှုအသုံးပြုလို့ ရပါတယ်"

ဦးအောင်ခင်မြင့်
ဥက္ကဋ္ဌ
Computer Systems

ဈေးနှုန်းသက်သာ

အခုလို မိုဘိုင်းလ်ဖုန်းထဲမှာ အဘိဓာန်ကို ထည့်သွင်းပြီး ကြည့်ရှုနိုင်တာမို့ ကျောင်းသားတွေ၊ အင်္ဂလိပ်စာ လေ့လာသူတွေနဲ့ ဘာသာပြန်သူတွေအတွက် အတော်လေး အထောက်အကူပြုနိုင်ခဲ့သလို အခြား အီလက်ထရွန်နစ် အဘိဓာန်တွေထက် ရှစ်ဆလောက် ဈေးနှုန်းသက်သာပါတယ်။ Memory အားနည်းတဲ့ မိုဘိုင်းလ်ဖုန်းများအတွက် အင်္ဂလိပ်–မြန်မာ တိုက်ရိုက်အဘိဓာန်ဖွင့်ဆိုချက် ကြည့်ရှုအသုံးပြုလို့ရအောင် ဆောင်ရွက်ပေးထားပါတယ်။

အကျိုးရှိ

ဒါ့အပြင် သွားရင်း လာရင်း၊ တယ်လီဖုန်းပြောရင်း အင်္ဂလိပ်ဝေါဟာရများကို လေ့လာနိုင်အောင် လေ့ကျင့်ခန်းများလည်း ပါဝင်ပါတယ်။ IELTS, TOEFL တို့လို စာမေးပွဲဖြေမယ့်သူတွေအတွက်လည်း ဆန်းစစ်ဝေါဟာရ အလုံး ၉၀၀လောက် လေ့ကျင့်နိုင်အောင် ထည့်သွင်းပေးထားပါတယ်။ ဒါကြောင့် သယ်ယူရလွယ်ပြီး ငွေကုန်ကြေးကျလည်း သက်သာကာ အလေးချိန်လည်းမဲ့တဲ့အပြင် ဓာတ်ခဲ လဲစရာမလိုဘဲ နေရာတိုင်းမှာ မိုဘိုင်းလ်ဖုန်းကိုင်သူတိုင်း အသုံးပြုနိုင်ပါတယ်။ ဝေါဟာရပေါင်း ၂၄၀၀၀ ကျော် ပါရှိတာမို့ အင်္ဂလိပ်စာ လေ့လာနေသူအတွက် အကျိုးရှိစေတဲ့ မိုဘိုင်းလ် အဘိဓာန်ဖြစ်ပါတယ်။

အဲဒီလို မိုဘိုင်းလ်ဖုန်းတွေထဲမှာ အဘိဓာန် ထည့်သွင်းအသုံးပြုလို့ရအောင် Technomation Studios အဖွဲ့က ကိုထူးမြင့်နောင်က ဆော့ဖ်ဝဲ ရေးသားပေးခဲ့တာ ဖြစ်ပါတယ်။

ပြင်ဆင်ပြုလုပ်

နောက်တစ်ခုကတော့ Messx ဆော့ဖ်ဝဲဖြစ်ပါတယ်။ Messx ဆိုတာကတော့ မိုဘိုင်းလ်တယ်လီဖုန်းတွေကို မြန်မာလိုသုံးနိုင်တဲ့ ဆော့ဖ်ဝဲပါပဲ၊ မိုဘိုင်းလ်ဖုန်းတွေမှာ မြန်မာလို ပို့လို့ရတဲ့ SMS အခြေခံဆော့ဖ်ဝဲတစ်ခုလည်း ဖြစ်ပါတယ်။ ဒါပေမယ့် SMS ပို့လို့ရတာ သက်သက်ချည်းမဟုတ်ဘဲ မိုဘိုင်းလ်တယ်လီဖုန်းကို မြန်မာဘာသာနဲ့သုံးနိုင်အောင် ပြင်ဆင်ပြုလုပ်ပေးထားပါတယ်။

အသွင်အပြင်

Messxကိုအသုံးပြုရင် မိုဘိုင်းလ်ဖုန်းအသွင်အပြင်ကို မြန်မာလို ပြောင်းသုံးလို့ရတယ်။ မိုဘိုင်းလ်အသွင်အပြင်မှာ တယ်လီဖုန်းနံပါတ်မဟုတ်ဘဲ အဆက်အသွယ်ရှိတဲ့လူတွေရဲ့ အမည်နဲ့ထားပြီး သုံးလို့ရပါတယ်။ ဒါ့အပြင် နှစ်ဦးတည်း သိသင့်တဲ့ကိစ္စတွေကို Password နဲ့ ပို့နိုင်တယ်။

"Messx ဟာ မိုဘိုင်းလ်တယ်လီဖုန်းတွေကို မြန်မာလို သုံးနိုင်တဲ့ ဆော့ဖ်ဝဲဖြစ်ပါတယ်"

ကိုထူးမြင့်နောင်
Technomation Studios

နာရီပြောပြနိုင်

နောက်ပြီး မိုဘိုင်းလ်ဖုန်းမှာ Messx ကိုသုံးရင် နာရီမကြည့်ဘဲ တယ်လီဖုန်းကို နာရီပြောပြခိုင်းနိုင်ပါတယ်။ ခလုတ် တစ်ချက်နှိပ်ရုံနဲ့ အသံနဲ့တကွ ဘယ်အချိန်ရှိပါပြီဆိုတာ ပြောပြမှာဖြစ်ပါတယ်။ ဒါ့အပြင် တယ်လီဖုန်းမှာပါတဲ့ Blue Tooth ကို အသုံးပြုပြီး SMS ပို့မယ်ဆိုရင် ငွေတစ်ပြားမှ မကုန်ပါဘူး၊ ဒါက အစည်းအဝေးခန်းတွေနဲ့ လေလံအရောင်းပွဲတွေမှာ အသုံးတည့်သလို လူငယ် စုံတွဲတွေအတွက်လည်း Chatting ထိုင်လို့ ရနိုင်ပါတယ်။

လွယ်လွယ်ကူကူ

Messx မှာ မြန်မာစာကို လွယ်လွယ်လေး ရိုက်လို့ရပါတယ်။ ရိုက်နေတဲ့ စာလုံးနေရာတွေ မမှတ်မိရင် တစ်စက္ကန့်ခွဲလောက်သာ စောင့်လိုက်ရင် စခရင်ပေါ်မှာ Key Board ပေါ်လာမယ်၊ ကြည့်ပြီး နှိပ်လိုက်ရုံပါပဲ။ Messx ကို အလွယ်တကူ အသုံးပြုလို့ရအောင်လည်း ပြုလုပ်ပေးထားတာမို့ ခက်ခဲမှုမရှိပါဘူး။

အလှအစုံ

ဒါတွေနဲ့ပတ်သက်ပြီး အဘိဓာန်တွေကို ကျွန်တော်တို့ ဘဝတစ်လျှောက်လုံး သုံးစွဲလာခဲ့ကြတယ်။ အခု မိုဘိုင်းလ်ခေတ်ရောက်တဲ့ အချိန်မှာ မိုဘိုင်းလ်အဘိဓာန်တွေ လိုအပ်လာပြီထင်လို့ အခုလို ကြိုးစားပြီး အလှအစုံက လူတွေအတွက် ရည်ရွယ်ပြီး ထုတ်ခဲ့ဖြစ်တာလို့ Technomation Studios အဖွဲ့မှ ကိုထူးမြင့်နောင်က ပြောပြသွားပါတယ်။ ။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၁–၂–၂၀၀၈ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၀၅	၆။	ချစ်စရာအရွယ်ကကြိုးသွယ်
၈:၁၅	၇။	(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀	၈။	International News
၈:၄၅	၉။	Grammar made Easy

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၁၆:၄၅	၄။	အကပဒေသာ
၁၇:၀၀	၅။	(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇:၁၀	၆။	မြန်မာစာ မြန်မာစကား
၁၇:၂၀	၇။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ အဆိုအကများ
၁၇:၂၅	၈။	**လေကားသုံးထပ် ဆင်းတဲ့အခါ** အရိုင်း၊ မင်းသူ၊ အေးသီတာ ဒါရိုက်တာ–သိန်းဟန်(ဖီးနစ်)
၁၇:၃၅	၉။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတ အဖွဲ့ ဖျော်ဖြေခန်း)
၁၇:၅၀	၁၀။	(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၈:၀၀	၁၁။	ညနေခင်းသတင်း
၁၈:၃၀	၁၂။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၃။	အလှရှာမယ် လှကမ္ဘာဝယ်
၁၈:၅၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေ ချစ်သက်တည်** (အပိုင်း–၂၂)
၁၉:၄၀	၁၅။	ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင်သန်ခိုင်မာစေရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာအညှာ တစ်ခု ဒို့ပြည်ထောင်စု)
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာမျှဉ်းပြိုင်** (အပိုင်း–၂)

ဇန်နဝါရီ ၂၇ ရက်က အမက (၁၂) သာကေတ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးထွန်းပွားက စတုတ္ထတန်း မြို့နယ်အဆင့် ဘာသာစုံထူးချွန်ဆုရရှိသူ မထက်ထက်နိုင်အား ဆုချီးမြှင့်စဉ်။ (က–ပ)

ညောင်လေးပင် ကောက်ကွေ့ရွာအနီး၌ယာဉ်တိုက်မှုဖြစ် ခရီးသည်သုံးဦးသေဆုံးပြီး ၃၆ဦး ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ကောက်ကွေ့ကျေးရွာအနီး၌ ဖေဖော်ဝါရီ ၉ ရက် နံနက် ၅ နာရီခွဲခန့်က ယာဉ်မောင်း အောင်ဝင်း အသက် ၄၀ (ဘ) ဦးဟန် ဈေးပိုင်ရပ်ကွက် ကျောက်တံခါးမြို့နယ် မောင်းနှင်လာသော ယာဉ်အမှတ် ၁က/၆၉၀၆ ရွှေတံခါးခရီးသည်တင် မှန်လုံအမြန်ယာဉ်သည် ရန်ကုန်မြို့မှ တောင်ငူမြို့သို့ မောင်းနှင်လာသည့် ယာဉ်အမှတ် ၉ခ/၄၄၀၈ နီဆန် ၁၀ ဘီး ယာဉ်နှင့် မျက်နှာချင်းဆိုင်၍ ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါယာဉ်တိုက်မှုကြောင့် ရွှေတံခါးခရီးသည်တင်ယာဉ်ပေါ်မှ ခရီးသည် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦး သေဆုံးခဲ့ပြီး အမျိုးသား ၁၇ ဦးနှင့် အမျိုးသမီး ၁၉ ဦးတို့ ဒဏ်ရာရရှိခဲ့ကြကာ ဒဏ်ရာရရှိကြသူများအား တာဝန်ရှိသူများက ဆေးဝါးကုသမှုများနှင့် လိုအပ်သော ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၆ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်ပွဲ ပြည်သူချစ်သောအနုပညာရှင်များ၏ ရင်ထဲက ဝမ်းသာပီတိစကားများ

မေးမြန်းသူ-မြင့်မောင်စိုး (မြန်မာ့အလင်း) ဓာတ်ပုံမှတ်တမ်း-အောင်ထွန်းနိုင် (ပြည်မြန်မာ) စာမျက်နှာပွဲစည်းမှု-ထိန်လင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၀

၂၀၀၆ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီ)ပေးပွဲကို ဖေဖော်ဝါရီ ၇ ရက်က နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့မျက်နှာစာ၌ ခမ်းနား သိုက်မြိုက်စွာကျင်းပခဲ့ရာ အကယ်ဒမီဆုရ ရုပ်ရှင်မင်းသား မင်းသမီးများနှင့် ပတ်သက်၍ ရုပ်ရှင်လောကသားများ၏ ရင်တွင်းစကား ဖွင့်ဟချက်များကို ဖော်ပြလိုက်ပါသည်။

ဝါးခယ်မ ရဲမောင်

ရှေးဦးစွာ ယနေ့တိုင် ရုပ်ရှင်နှင့် ဗီဒီယိုလောက၌ ကျော်ကြားနေသော ဝါးခယ်မရဲမောင်က ပြောကြားရာတွင် **"၁၉၅၀ ဝန်းကျင်လောက်ကဆိုရင် ရုပ်ရှင်အကယ်ဒမီထူးချွန်ဆု ယှဉ်ပြိုင်ရွေးချယ်မှုဟာ ပိုများပါတယ်။ ရိုက်ကူးတဲ့ ကားအရေအတွက်က တစ်နှစ်တစ်နှစ်မှာ ကားပေါင်း၅၀ ဝန်းကျင်ရှိပါတယ်။ ဒီအထဲကမှ အကောင်းဆုံးရွေးချယ်ရတာ မလွယ်ပါဘူး၊ အကယ်ဒမီဆုရဖို့ ပိုခက်ခဲပါတယ်။ ဒါပေမယ့်လဲ ဒီဘက်ခေတ်မှာရိုက်ကူးတဲ့ ကားအရေအတွက် နည်းလာတယ်ဆိုပေမယ့် ရုပ်ရှင်ရိုက်ကူးထုတ်လုပ်သူတွေရဲ့ ကြိုးပမ်းအားထုတ်မှု၊ ဒါရိုက်တာ၊ သရုပ်ဆောင်များရဲ့ကြိုးစားမှု၊ ရိုက်ကူးရေးနည်းပညာများ တိုးတက်လာမှုတို့ကြောင့် ပိုပြီးအဆင့်မြင့်လာပါတယ်။ ဒါကြောင့် အကယ်ဒမီဆု ရသွားကြတဲ့ အနုပညာရှင်တွေဟာ ထိုက်တန်တဲ့ အကယ်ဒမီဆုတွေ ဆွတ်ခူးနိုင်ခဲ့ကြပါတယ်။ အကယ်၍သာ ရိုက်ကူးတဲ့ကားတွေလဲ များလာမယ်၊ ယှဉ်ပြိုင်ရွေးချယ်မှုဟာလဲ များလာမယ်ဆိုရင် ပိုမိုကောင်းမွန် ပြောင်မြောက်တဲ့ အကယ်ဒမီထူးချွန်ဆုတွေ ဖြစ်လိမ့်မယ်လို့ ယူဆမိပါတယ်"**ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ဒါရိုက်တာ အောင်စိုးဦး

၁၉၈၄ခုနှစ်က စိုးမြတ်သူဇာအား **နော်ရင်မွှေး** ဇာတ်ကားဖြင့် အကယ်ဒမီဆု ဆွတ်ခူးပေးနိုင်ခဲ့သည့် ဒါရိုက်တာ အောင်စိုးဦးကလည်း **"ဒီနှစ် အကယ်ဒမီ ရသွားကြတဲ့ သူတွေအတွက် ဝမ်းသာပီတိဖြစ်ရတယ်။ အကယ်ဒမီရဖို့ဟာ ကံနဲ့လဲ ဆိုင်သလို တကယ်ဆွတ်ခူးနိုင်ခဲ့ သူတွေအတွက်လဲ အားဆေးတစ်ခွက်ပါပဲ။ ဒီနှစ် ဆွတ်ခူးရရှိသွားကြတဲ့ သရုပ်ဆောင်များရဲ့ အကယ်ဒမီဆုဟာ တကယ် ပီပြင်အောင် သရုပ်ဆောင်သွားနိုင်ကြလို့ ထိုက်တန်တဲ့ဂုဏ်ပြုမှုကို ခံရခြင်း ဖြစ်ပါတယ်"**ဟု ပြောကြားသည်။

အကယ်ဒမီ ထွန်းထွန်းဝင်း

၂၀၀၆ခုနှစ် မြန်မာ့ရုပ်ရှင်အကယ်ဒမီဆုပေးပွဲနှင့်စပ်လျဉ်း၍ ဝါရင့်ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် အကယ်ဒမီ ထွန်းထွန်းဝင်းက ပြောကြားရာတွင် **"ကျွန်တော်ကတော့ ဒီရုပ်ရှင်နဲ့ ဗီဒီယို လုပ်ငန်း လုပ်ကိုင်ရတာ ဝါသနာလဲပါတယ်၊ သံယောဇဉ်လဲရှိတယ်။ ဒီရုပ်ရှင်နဲ့ ဗီဒီယိုလုပ်ငန်းနဲ့ပတ်သက်လာရင် ကိစ္စ၊ ဝိစ္စမှန်သမျှ အကုန်လုပ်ပေးချင်တယ်၊ အခုလို အကယ်ဒမီဆွတ်ခူးရရှိသွားကြတဲ့ အနုပညာရှင်တွေအတွက်လဲ မုဒိတာပွားမိပါတယ်။ ဒီဘက်ခေတ်မှာ ရုပ်ရှင်ကားတွေ အရိုက်နည်းလာတော့ အနုပညာရှင်တွေဟာ ဗီဒီယိုရိုက်ကူးရေးကိုသာ အာရုံစိုက်လာကြတယ်။ ရုပ်ရှင်ကား ရိုက်ကူးထုတ်လုပ်မှုတွေ များလာမယ်ဆိုရင် ပိုပြီးအဆင်ပြေပါလိမ့်မယ်"**ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ဦးမြင့်စိုး (ဝ/သ)

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ)ပေးပွဲ နေပြည်တော်သို့ ရုပ်ရှင်သရုပ်ဆောင် အနုပညာရှင်များအား ဦးဆောင်၍ သွားရောက်ရာ လမ်းတစ်လျှောက်တွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့သည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ဦးမြင့်စိုး(ဝ/သ)ကလည်း **"ကျွန်တော်တို့ ဒီခရီးစဉ်မှာ အနုပညာရှင်များအားလုံးကို ပျော်ပျော်ပါးပါး ညီညီညွတ်ညွတ်နဲ့အတူ ခရီးသွားကြတာမြင်ရတော့ မြန်မာ့ရုပ်ရှင်ဖခင်ကြီးတစ်ဦးရဲ့ ရုပ်ရှင်လောကသားတွေ ညီညွတ်ကြပါလို့ မှာကြားခဲ့တာလေးကို သတိရမိပါတယ်။ အကယ်ဒမီဆု ရသူတွေအတွက်ရော ရုပ်ရှင်လောကသားများ တစ်ရပ်လုံးအတွက်ပါ ကြည်နူးဝမ်းသာပီတိ ဖြစ်ခဲ့ရပါတယ်"**ဟု ပြောကြားသည်။

တေးသံရှင် ဆုရည်

မောင့်မူပိုင်ရှင် Live Show တေးစီးရီးဖြင့် အောင်မြင်ကျော်ကြားနေသော တေးသံရှင် ဆုရည်ကလည်း **"ကျွန်မ ဒီအကယ်ဒမီပေးပွဲမှာ ဂီတအစည်းအရုံးကိုယ်စားပြုလာရောက်ဖျော်ဖြေပါတယ်။ ရုပ်ရှင်နဲ့ဂီတဆိုတာ ညီအစ်ကို မောင်နှမတွေပါပဲ။ ဒီပွဲမှာ တက်ရောက်သီဆိုခွင့်ရလို့ ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။ အကယ်ဒမီဆုရတဲ့သူတွေအတွက်လဲ ဂုဏ်ယူမိပါတယ်။ ပျော်စရာလဲကောင်းပါတယ်"**ဟု ပြောကြားသည်။

အကယ်ဒမီ ချိုပြုံး

"ချစ်အမျှ"နှင့် **"မွန်းတည့်ချိန်တွင် နေဝင်သည်"** ဇာတ်ကားများဖြင့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) ဆွတ်ခူးနိုင်ခဲ့သော အကယ်ဒမီ ဒေါ်ချိုပြုံးကလည်း **"ဒီနှစ်အကယ်ဒမီရရှိသွားကြတဲ့ အနုပညာရှင်တွေအတွက် အတိုင်းမသိ ဝမ်းသာပီတိ ဖြစ်ရပါတယ်။ အကယ်ဒမီဆုရဖို့ဆိုတာ ဆရာကောင်း သမားကောင်းတွေ လိုက်ရှာပြီး တပည့်ကောင်းခံ၍ ကြိုးစားသင့်ပါတယ်။ ရှေ့သရုပ်ဆောင်တွေ ဘယ်လိုကြိုးစားခဲ့ကြသလဲ၊ သူတို့ကို အတုခိုးကြိုးစားဖို့လိုပါတယ်"**ဟု ပြောကြားသွားသည်။ ။

(မြန်မာ့အလင်း)

အနုပညာရှင်တွေဟာ ထိုက်တန်တဲ့အကယ်ဒမီဆုတွေ ဆွတ်ခူးနိုင်ခဲ့	ဝါးခယ်မ ရဲမောင်
အနုပညာရှင်တွေဟာ ဗီဒီယိုရိုက်ကူးရေးကိုသာ အာရုံစိုက်လာ	အကယ်ဒမီထွန်းထွန်းဝင်း
အကယ်ဒမီဆု ရတဲ့သူတွေအတွက်လဲ ဂုဏ်ယူ	တေးသံရှင်ဆုရည်
ဆွတ်ခူးနိုင်ခဲ့သူတွေအတွက်လဲ အားဆေးတစ်ခွက်ပါ	ဒါရိုက်တာအောင်စိုးဦး
ရှေ့သရုပ်ဆောင်တွေ ဘယ်လိုကြိုးစားခဲ့ကြသလဲ၊ သူတို့ကို အတုခိုးကြိုးစားဖို့လို	အကယ်ဒမီချိုပြုံး
ရုပ်ရှင်လောကသားတွေ ညီညွတ်ကြပါလို့ မှာကြားခဲ့တာလေးကို သတိရမိ	ဦးမြင့်စိုး (ဝ/သ)

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

ကျေးလက်စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

သာစည်မြို့နယ်အတွင်း ကျေးရွာအုပ်စုများ၌ ခိုင်မာစွာတည်ဆောက်ဖွင့်လှစ်ပြီးဖြစ်သည့် ကျေးလက်စာကြည့်တိုက်များတွင် ကျေးလက်ပြည်သူများ ဖတ်ရှုလေ့လာနိုင်ရန်အတွက် မြန်မာ့မီးရထား သာစည်ဘူတာရုံမှ ရုံပိုင်ချုပ်ကြီး ဦးစိုးမြင့်သည် ဇန်နဝါရီ၃၀ရက် နံနက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့လာရောက်ပြီး သုတ၊ရသမျိုးစုံပါရှိသည့် မဂ္ဂဇင်းမျိုးစုံ အုပ်ရေ၁၀၀ကို လာရောက်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးမှ ဦးစီးမှူးဦးဝင်းတင့် လက်ခံယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ငွေနှင့် စာအုပ်များလှူဒါန်း

ကလေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးသည် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဦးတည်ချက်ဖြင့် စာကြည့်တိုက်သို့ ငွေနှင့်စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ရက် ညနေ၅နာရီက ကလေးမြို့နယ် နန်းချောင်းကျေးရွာ၌ကျင်းပရာ နန်းရောင်ခြည် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် အလှူရှင် ၃၅ဦးက ငွေကျပ် ၃၅၀၀၀နှင့် သုတစာအုပ် ၂၁အုပ်လှူဒါန်းရာ စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်လွင်က လက်ခံယူကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

မိုးကောင်း နဝဒေးလမ်း ကတ္တရာထပ်ပိုးလွှာခင်း

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ပွင့်လင်းရာသီတွင် မြို့တွင်းလမ်းများ ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ၁၂ရက်က မိုးကောင်းမြို့ မြို့မဈေးတောင်ဘက် နဝဒေးလမ်းမကြီး ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးယဉ်မင်းကျော်တို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၁၆)

ဘားအံ စာပေနှင့်စာနယ်ဇင်းစည်းဝေး

ဘားအံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ လုပ်ငန်းဆိုင်ရာအစည်းအဝေးနှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြု ကတ်ပြားပေးအပ်ခြင်းအခမ်းအနားကို ဒီဇင်ဘာ၃၀ရက် နံနက်၁၁နာရီက ဘားအံမြို့ အမှတ်(၅)ရပ်ကွက် ဘားအံစာပေနှင့်စာနယ်ဇင်းနာယက ဦးကံမြင့်၏ ရှုတိုင်းယဉ်ထမင်းဆိုင်၌ကျင်းပရာ စာဆိုတော်နေ့စာပေဟောပြောပွဲနှင့် ဘားအံမြို့နယ် မဂ္ဂဇင်းထုတ်ဝေရေးတို့ကို ဆွေးနွေးကြပြီး အသိအမှတ်ပြုကတ်ပြားများကို သက်ဆိုင်သူများထံ ပေးအပ်သည်။ (၀၀၈)

ပုတီးကုန်းဈေး အသား၊ ငါးရောင်းချမှုစစ်ဆေး

သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပုတီးကုန်းဈေး၌ အသား၊ ငါးရောင်းချရာတွင် ယင်လုံဆန်ခါဖြင့် သန့်ရှင်းသပ်ရပ်စွာရောင်းချခြင်း ရှိမရှိကို ဇန်နဝါရီ ၄ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်သွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မိုးရာသီ ဘဏ်ချေးငွေကောက်ခံရေး ညှိနှိုင်းစည်းဝေး

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်ဘဏ်ခွဲများတွင် ထုတ်ချေးထားသော ၂၀၀၇ မိုးရာသီ ဘဏ်ချေးငွေကောက်ခံရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ၂၉ရက် နံနက်၈နာရီက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကလောမြို့နယ်ဘဏ်ခွဲ၌ ကျင်းပရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်း တက်ရောက်၍ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ထုတ်ချေးထားသော မိုးရာသီဘဏ်ချေးငွေကျပ်သိန်းပေါင်း ၅၃၅၇ဒသမ၇၁သိန်း ရာနှုန်းပြည့်ကောက်ခံရရှိရေး မှာကြားကြောင်း သိရသည်။ (က-ပ)

ပြန်/ဆက်ညွှန်ချုပ် စာကြည့်တိုက်များ စစ်ဆေး

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် စစ်ကိုင်းတိုင်းဦးစီးမှူး ဦးတင်သန်းဝင်းလိုက်ပါလျက် ဇန်နဝါရီ ၁၅ရက် နံနက်၉နာရီက ရွှေဘိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်၍ ရုံးလုပ်ငန်းများစစ်ဆေးခြင်း၊ ကျေးရွာစာကြည့်တိုက်များခိုင်ခိုင်မာမာ ထူထောင်ရေးစာကြည့်တိုက်များကို စစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပဲခူးမြို့နယ် မဂ္ဂဇင်း ထုတ်ဝေမည်

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စီစဉ်ထုတ်ဝေမည့် ပဲခူးမြို့နယ် မဂ္ဂဇင်းအမှတ် (၁)ကို ၂၀၀၈ခုနှစ် အောက်တိုဘာလတွင် အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ထုတ်ဝေမည်ဖြစ်သည်။ မဂ္ဂဇင်းတွင် နာမည်ကျော် စာရေးဆရာများနှင့် ဒေသခံ စာပေဝါသနာရှင်များ၏ ကဗျာ၊ဝတ္ထု၊ဆောင်းပါးများကို ဝေဝေဆာဆာ ထည့်သွင်း ဖော်ပြပေးသွားမည့်အပြင် ပဲခူးမြို့၏ တည်ဆောက်ရေးလုပ်ငန်းများ၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များကိုလည်း စနစ်တကျ ထည့်သွင်း ဖော်ပြမည်ဖြစ်သည်။ ပဲခူးမြို့နယ်မဂ္ဂဇင်းကို ပဲခူးမြို့တွင်သာမက မြန်မာတစ်နိုင်ငံလုံးသို့လည်းကောင်း၊ Internet Website မှတစ်ဆင့် ကမ္ဘာ့နိုင်ငံအသီးသီးသို့ လည်းကောင်း ဖြန့်ချိပေးသွားမည်ဖြစ်သည်။

စာပေဝါသနာရှင်များ၊ သတင်းအချက်အလက် ပေးပို့လိုသူများအနေဖြင့် လှိုင်ဆမ်ဆစ်စာပေ (ပဲခူးမြို့နယ်မဂ္ဂဇင်း) ၄၄-၄၅ အဆောင် ၄၊ ပထမထပ်၊ သိမ်ကြီးဈေး(စီ)ရုံ၊ ပန်းဘဲတန်းမြို့နယ် ရန်ကုန်တိုင်း ဖုန်း-၀၁-၃၇၁၈၀၀ လိုင်းခွဲ ၃၆၃၊ e-mail;bagomagazine@gmail.com သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မိုးမောက်မြို့ အထက၌ အောင်ချက်မြင့်မားရေး သင်ကြားပို့ချ

ဗန်းမော်တက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် နည်းပြများသည် မိုးမောက်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများ အောင်ချက်မြင့်မားရေးအတွက် သင်ကြားပို့ချခြင်းကို အထက မိုးမောက်၌ ဇန်နဝါရီ ၂၇ရက် နံနက်၉နာရီမှစတင်ကာ ဘာသာရပ်အလိုက် ည ၈နာရီအထိ သင်ကြားပို့ချကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဆဌမအကြိမ် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲ ကျင်းပရေး ဒုတိယအကြိမ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ တက်ရောက်ပြီး အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ထို့နောက် မြို့တော်ဝန်ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်က ပြပွဲပြိုင်ပွဲကို ဆပ်ကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆပ်ကော်မတီ အသီးသီးမှတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုအသီးသီး ရှင်းလင်းတင်ပြကြသည်။ဆက်လက်၍ တိုင်းမှူးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ခွဲခြားယှဉ်ပြိုင်

အဆိုပါ ဆဌမအကြိမ် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီး ဝလံ ပန်းမန်ပြပွဲပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၂၆ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ပန်းမန်ပြပွဲပြိုင်ပွဲကို ၁၁မျိုး၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ပြိုင်ပွဲကို ရှစ်မျိုးခွဲခြားယှဉ်ပြိုင်စေပြီး ပြိုင်ပွဲကာလတစ်လျှောက်လုံးတွင် မန္တလေးမြို့ရှိတေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ရောဝတီတိုင်း၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဖေဖော်ဝါရီ ၈ရက်က ငပုတောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအားလည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဌာနဆိုင်ရာများနှင့်လည်းကောင်း၊ ငပုတောမြို့နယ် ကျုံကူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ရပ်မိရပ်ဖများ၊ ဝန်ထမ်းများနှင့်လည်းကောင်း တွေ့ဆုံပြီး **(အောက်ပုံ)** လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်ဝန်ကြီးသည် ကျုံကူးတိုက်နယ် ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံငွေပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ ၉ရက်တွင် လပွတ္တာမြို့ ဘုရင့်နောင်ရိပ်သာ၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံပြီး မြို့နယ်အတွင်း ဒီရေတောများ အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် လပွတ္တာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အသင်း အလုပ်အမှုဆောင်များနှင့် တွေ့ဆုံ၍ ကျေးလက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

နှစ်ထပ်သံဃာဆောင်ကြီး ရေစက်ချပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ပဲခူးတိုင်းပဲခူးမြို့နယ်အင်းတကော်ကျေးရွာအုပ်စု တောင်ကြီးကွဲကျေးရွာ ကြက်မောက်ကုန်းတောင်ပေါ်ရှိ မိုးကုတ်ဝိပဿနာ ဇနိတာရာမတောရ ဓမ္မရိပ်သာ ကျောင်းတိုက်ကြီးအတွင်း၌ ဇနိတာရာမဆရာတော်ကြီးနှင့် တပည့်ယောဂီများ စုပေါင်း၍ ဆောက်လုပ်လှူဒါန်းသည့် နှစ်ထပ်သံဃာဆောင်ကြီး ရေစက်ချမင်္ဂလာ ကို (၁၃၆၉ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ရက်) ဖေဖော်ဝါရီ၂၄ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ကျေးလက်ရေပေးရေးစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေသည် ဒီဇင်ဘာ ၂၀ရက်က ညောင်ဦး(ပုဂံ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော တောင်ဇင်ကျေးလက်ရေပေးရေးလုပ်ငန်း၊ ငှက်ပစ်တောင်ရေစက်ရုံနှင့် ရေစုကန်များကို ကြည့်ရှုစစ်ဆေးပြီး **(အောက်ပုံ)**စက်များကြံ့ခိုင်ရေး၊ ရေအရည်အသွေးကောင်းမွန်ရေး၊ သောက်သုံးရေဖူလုံစွာ ပေးနိုင်ရေးတို့ကို မြို့နယ်စည်ပင်မှ တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပုပ္ပား(၂) မိုးကုတ်ရိပ်သာ ၁၀ရက်တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ လစဉ်တရားစခန်းပွဲကို ဖွင့်လှစ်လျက်ရှိရာ အကြိမ်(၁၆၀)မြောက် တရားစခန်းပွဲကို တပို့တွဲလပြည့်ကျော်၃ရက် (ဖေဖော်ဝါရီ ၂၄ ရက်) တနင်္ဂနွေနေ့ညနေအရောက် ယောဂီများ လာကြရမည်ဖြစ်သည်။ တရားစခန်းပွဲကို ပုပ္ပား(၂) မိုးကုတ်ရိပ်သာဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ၊ LL.B)၊ ပန်းချီ ဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃) မိုးကုတ် ရိပ်သာဆရာတော် ဘဒ္ဒန္တဇာဂရ(ဓမ္မာ စရိယ၊ မဟာဓမ္မာစရိယ)တို့က ဟောကြားမည်ဖြစ်ပါ၍ ယောဂီများ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၀၅၉သို့ ဖြစ်စေ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဓမ္မရိပ်မဂ္ဂဇင်းထုတ်ဝေဖြန့်ချိခြင်း စာနယ်ဇင်းမိတ်ဆက်ပွဲနှင့် သက်ကြီးစာပေပညာရှင်များအား ဂါရဝပြုပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ဓမ္မရိပ်မဂ္ဂဇင်း အတွဲ(၂)၊ အမှတ်(၁) ထုတ်ဝေဖြန့်ချိခြင်း စာနယ်ဇင်းမိတ်ဆက်ပွဲ၊ သက်ကြီးစာပေပညာရှင်များနှင့် နာမကျန်းစာပေပညာရှင်များအား ဂါရဝပြုလှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၃ရက် ညနေ ၃နာရီက ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်းရှိ Mr.Brown Cafe ခန်းမ၌ ကျင်းပသည်။

ဂါရဝပြုဆေးပစ္စည်းပေး

ရှေးဦးစွာ အခမ်းအနားမှူးမောင်လွင်မွန်(ကသာ)က အခမ်းအနား ဖွင့်လှစ်ကြောင်း ကြေညာ၍ ဓမ္မရိပ်မဂ္ဂဇင်းနာယက ဆရာတော်ဓမ္မဘေရီ အရှင်ဝီရိယ(တောင်စွန်း)က အဖွင့်ဩဝါဒစကား ချီးမြှင့်တော်မူသည်။ ထို့နောက် ဓမ္မရိပ် မဂ္ဂဇင်းထုတ်ဝေသူ ဦးထွန်းရွှေနှင့်ဇနီး ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါ တိုင်းရင်း ဆေးဝါးထုတ်လုပ်ရေး)တို့က သက်ကြီးစာပေပညာရှင်ခြောက်ဦးအား ဂါရဝပြု ဆေးပစ္စည်းများ ပေးအပ်သည်။ **(အပေါ်ပုံ)**

ယင်းနောက် နာမကျန်းစာပေပညာရှင် ခြောက်ဦးအတွက် ဆေးဝါးနှင့် ငွေကျပ် ငါးသောင်းစီတို့ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဂါရဝပြုခံဆရာကြီးများကိုယ်စား ဆရာဦးအောင်သင်းက ဓမ္မရိပ်မဂ္ဂဇင်းနှင့် ထုတ်ဝေသူတို့အား ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အသားချောင်း၊ အသားလုံး၊ အသားပြားများနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန်နှင့် အစားအသောက်များ၏ အရည်အသွေးကို စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ဈေးကွက်တွင်ရောင်းချလျက်ရှိသော အသားချောင်း၊ အသားလုံး၊ အသားပြားနမူနာများကိုစိစစ်ရာ Nitrite ပါဝင်မှုမှာ ပါဝင်ခွင့်ပြုသည့် သတ်မှတ်ချက်ထက် ကျော်လွန်နေပါသဖြင့် အများပြည်သူစားသုံးရန် မသင့်လျော်ပါကြောင်း အသိပေးအပ်ပါသည်။

စဉ်	အစားအသောက်အမျိုးအမည်	အမှတ်တံဆိပ်	လုပ်ငန်းအမည်	လိပ်စာ
၁။	Smoked Bacon	Mr.Cook	Produced by Myanmar Interfood Co.,Ltd.	No.82,Opposite Myawaddy Television, Thandae Bin Village,Hmawbi Township,Yangon. Tel;01-727444.
၂။	Pork Bologna			
၃။	Smoked Chicken Breast			
၄။	Chicken Cheese Sausage			
၅။	Fish Tofu			

ကျန်းမာရေးဝန်ကြီးဌာန။

(၄၅)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ပထမအကြိမ်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၀

၂၀၀၈ခုနှစ် (၄၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယမန်နေ့ ညနေ၃နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ မတ်လအတွင်း ကျင်းပမည့် (၄၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အတွက် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ကျင်းပမည်

၂၀၀၈ခုနှစ် (၄၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ်၉ရက်မှ ၂၀ရက်အထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၂၈ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် အားကစားနှင့် ကာယ ပညာဦးစီးဌာနတွင် ရန်ကုန်တိုင်း အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက အားကစားဝန်ကြီးဌာန ဝန်ကြီး၏ အားကစား မူဝါဒဆိုင်ရာနှင့် အရည်အချင်းရှိ သွေးသစ်သိပ္ပံ အားကစားသမားများ ရှာဖွေဖော်ထုတ်ရေး မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားစဉ်။

(အား/ကာ)

အိုးထရက်ဖို့ဒ်၌ မန်ယူတို့ ရင်ဆို့ခဲ့ရ

အင်တာနက်မြင်ကွင်း - မောင်ချစ်ကြည်

လန်ဒန် ဖေဖော်ဝါရီ ၁၀

ပရီမီယာလိဂ်ပွဲစဉ်(၂၆) လက်ကျန်ပွဲများကို ဖေဖော်ဝါရီ ၉ရက်က ဆက်လက်ကစားရာ မန်ယူတို့ ဧည့်သည်မန်စီးတီးတိုက်စစ်မှူးများ၏ ခြေမြန် လက်မြန်ဂိုးသွင်းမှုများကြောင့် နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သဖြင့် အိုးထရက်ဖို့ဒ် ၌ ပရိသတ်တို့ ရင်ဆို့ခဲ့ရသည်။

မြို့ခံပြိုင်ဘက် မန်စီးတီး၏ခြေစွမ်းကို လျှော့မတွက်ခဲ့သော ဖာဂူဆန် သည် တီဗက်ဇ်၊ စီရိုနယ်ဒို၊ ပေါလ်စခိုး၊ ဂစ်၊ နာနီ၊ အန်ဒါဆင်တို့ကို ကွင်းလယ်နှင့် တိုက်စစ်၌ အပြည့်ထုတ်သုံးခဲ့သည်။ အဲရစ်ဆင်က ဗက်ဆယ်လ် နှင့် အမ်ဝါရူဝါရီတိုက်စစ်အတွဲကိုသုံးကာ ၄-၄-၂ အခင်းအကျင်းဖြင့် ရင်ဆိုင်ခဲ့သည်။

မန်ယူနှင့် မန်စီးတီးတို့ ပွဲ၌ မန်ယူ တိုက် စစ် မှူး တီဗက်ဇ် ဤ သို့ထိုးဖောက် ကစားခဲ့သော် လည်း....

(အင်တာနက် ဓာတ်ပုံ)

မန်ယူတို့ အိမ်ကွင်း၌ အကြိမ်ကြိမ်ထိုးဖောက်ကစားခဲ့သော်လည်း ဂိုးမသွင်း နိုင်ဘဲရှိနေရာ ပွဲချိန်၂၅မိနစ်၌ မန်စီးတီးမှ ကွင်းလယ်ကစားသမား အိုင်ရီလန် က ခြောက်ကိုက်အကွာမှ ဘယ်ခြေဖြင့်ကန်သွင်းမှုကို မန်ယူဂိုးသမား ဗန်ဒါဆားကာကွယ်လိုက်ပြီး ပြန်ထွက်လာသည့်ဘောလုံးကို မန်စီးတီး တိုက်စစ်မှူး ဗက်ဆယ်လ် ဘယ်ခြေဖြင့် ကန်သွင်းချက်ကိုလည်း ဗန်ဒါဆား ထပ်မံကာကွယ်လိုက်ရာမှ ပြန်ထွက်လာသည့် ဘောလုံးကို ဗက်ဆယ်လ်ကပင် ဘယ်ခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် မန်စီးတီးအဖွင့်ဂိုးရရှိခဲ့ရာ မန်ယူပရိသတ် ငြိမ်ကျသွားသည်။

ဒုတိယဂိုး

မန်ယူတို့ ချေပဂိုးရရှိရေးကြိုးစားသော်လည်း ဂိုးမသွင်းနိုင်ဘဲရှိနေရာမှ ၄၅မိနစ်၌ မန်စီးတီးမှ ပီထရော့ဗ် ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ၁၂ကိုက်အကွာမှ မန်စီးတီးတိုက်စစ်မှူး အမ်ဝါရူဝါရီက ခေါင်းတိုက်သွင်းယူ ခဲ့သဖြင့် မန်စီးတီးတို့ ဒုတိယဂိုးရရှိခဲ့ပြီး မန်ယူပရိသတ်လည်း ပါးစပ် အဟောင်းသား ဖြစ်ခဲ့ရသည်။

ရှုံးပွဲ

ဒုတိယပိုင်း၌ မန်ယူက နာနီ အစား ပတ်ဂျီဆန်၊ အိုရှီးယား အစား မိုက်ကယ်ကာရစ်၊ အန်ဒါဆင် အစား ဟားဂရေ့ဗ်စ်တို့ကို အစားထိုးကစား စေခဲ့ရာ ချေပဂိုးရရှိရေး တိုက်စစ်မြင့်ထိုးဖောက်ကစားခဲ့သော်လည်း တိုက်စစ် မှူးများ၏ ကန်သွင်းချက်များ အပေါ်ထောင်၊ ဘေးထွက်ဖြစ်နေခဲ့ရာမှ မိနစ် ၉၀၌ ပေါလ်စခိုးပေးလိုက်သည့် ဘောလုံးကို မိုက်ကယ်ကာရစ်က ၁၈ကိုက် အကွာမှ ညာခြေဖြင့်ကန်သွင်းယူခဲ့သဖြင့် မန်ယူတို့ ချေပဂိုးတစ်ဂိုးရရှိခဲ့သည်။ ပွဲချိန်ပြီးဆုံးသည်အထိ မန်ယူတို့ နောက်ထပ်ဂိုးမသွင်းနိုင်သဖြင့် အိမ်ကွင်း၌ မန်ယူတို့ နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးပြီး သုံးမှတ်ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။ ။

ပရီမီယာလိဂ်ပွဲစဉ် (၂၆) အခြားပွဲရလဒ်

ချယ်လ်ဆီး ၀ - ၀ လီဗာပူး

အင်တာနက်ဖောင်ပိတ်အားကစားသတင်းများ

* ***ပရီမီယာလိဂ်ပွဲစဉ်(၂၆)အဖြစ် မန်ယူနှင့် မန်စီးတီးတို့မကစားမီ အိုးထရက်ဖို့ဒ်ကွင်း၌ နှစ်ဖက်ကစားသမားများက လွန်ခဲ့သောနှစ်၅၀က ဂျာမနီနိုင်ငံ မြူးနစ်မြို့ပေါ်၌ လေယာဉ်ပျက်ကျရာတွင် ပါဝင်ခဲ့သော မန်ယူ ဘောလုံး သမားများအား ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် လွမ်းသူ့ပန်းခွေချပြီး တစ်မိနစ်ခန့် ငြိမ်သက်ဂါရဝပြု ခဲ့ကြသည်။***

* *ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်အား ယခုနှစ် ဘောလုံးရာသီကုန်၌ ရအောင်ခေါ်ယူသွားမည်ဟု ဘာစီလိုနာအသင်း တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားသည်။*

* ***အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရိစ်မြို့တွင် ဖေဖော်ဝါရီ ၉ရက်က ကျင်းပသည့် ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အမျိုးသားတင်းနစ် နှစ်ယောက်တွဲပြိုင်ပွဲ၌ အာဂျင်တီးနားအသင်းက ဗြိတိန်အသင်းကို ၆-၂၊ ၇-၆၊ ၆-၀ ဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲတက်ရောက်သွားသည်။***

* *မန်ယူ တောင်ပံတိုက်စစ်မှူး စီရိုနယ်ဒိုက မိမိသည် မန်ယူ၌ နောက်ထပ်၁၀နှစ်ကြာသည်အထိ ဆက်လက် ကစားသွားမည်ဟု ပြောကြားသည်။*

* ***စိန်ခေါ်သူ ရုရှားလက်ဝှေ့သမား ကာလ်ဖို့နှင့် ကမ္ဘာ့စူပါမစ်ဒယ်ဝိတ်တန်း လက်ရှိချန်ပီယံ ဂျိုကယ်ဇာဂီတို့၏ လက်ဝှေ့ပွဲကို လာမည့် မတ်၂၉ရက်တွင် အင်္ဂလန်နိုင်ငံ နော့တင်ဟမ်မြို့၌ ကျင်းပမည်ဖြစ်သည်။***

* *ဗလင်စီယာတိုက်စစ်မှူး ဒေးဗစ်ဗီလာအား ရာသီကုန်၌ ခေါ်ယူနိုင်ရေး ချယ်လ်ဆီးနှင့် စပါးအသင်းတို့ အပြိုင် အဆိုင် ကြိုးပမ်းလျက်ရှိသည်။*

* ***ကမ္ဘာ့အကောင်းဆုံး ဂေါက်သီးကစားသမားစာရင်းကို ကမ္ဘာ့ဂေါက်ရိုက်အဖွဲ့ချုပ်က ထုတ်ပြန်လိုက်ရာ တိုက်ဂါးဝုဒ် က ထိပ်ဆုံးနေရာ၌ ရှိနေသည်။***

* *ရီးရဲမက်ဒရစ်၊ ဆီဗီလာနှင့် ဗလင်စီယာအသင်းတို့ကခေါ်ယူရန် ကြိုးစားနေသော ဘလက်ဘန်းတိုက်စစ်မှူး ဘန့်လေအား ဘလက်ဘန်းအသင်းက ၂၀၁၀ပြည့်နှစ်အထိ တိုးမြှင့်စာချုပ်လိုက်သည်။*

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

စီးရီးအေ ပွဲစဉ် (၂၂) ရလဒ်

အေစီမီလန်	၁ - ၀	ဆီနာ
ကာဂလီရာရီ	၁ - ၁	ပါးမား
အမ်ပိုလီ	၁ - ၀	လာဇီယို
လီဗော်နို	၁ - ၁	ဂျီနိုအာ
ဆမ်ဒိုးရီးယား	၂ - ၀	နာပိုလီ
တိုရီနို	၃ - ၁	ပါလာမို
အူဒီးနိစ်	၁ - ၂	ဂျူဗင်းတပ်စ်

အမည်မဖော်လိုသူနှင့် ဓမ္မာသောက အင်းဝရာဇာ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ဓာတ်ညွှန်းနှင့်ဒါရိုက်တာ ကိုအောင်မင်းသိမ်း၏ **ဓမ္မာသောက အင်းဝရာဇာ** ဓာတ်ကားမှာ ယခုသောကြာပတ်တွင် နောက်ဆုံးပတ်အဖြစ် သမ္မတ၊ သွင် အဆင့်မြင့်ရုံတို့အပြင် အင်းစိန် မဟာ မြိုင်ရုံများတွင် ပြသထားမည်ဖြစ်ပြီး လာမည့်သောကြာပတ်တွင် ဒါရိုက်တာ မီးပွား၏ **အမည်မဖော်လိုသူအချစ်** ဟာသဓာတ်မြူးကား ရုံဝင်လာမည် ဖြစ်သည်။

အမည်မဖော်လိုသူအချစ် တွင် ရန်အောင်၊ ကျော်ရဲအောင်၊ ထွန်းထွန်း၊ မြင့်မြတ်၊ မင်းသစ္စာ၊ ရဲလေး၊ စိုးမြတ်သူဇာ၊ မေသဥ္ဇာဦး၊ စိုးမြတ်နန္ဒာ၊ ခိုင်သင်းကြည်၊ သက်မွန်မြင့်၊ မိုးပြည့်ပြည့်မောင်၊ အောင်လွင်၊ အရိုင်း၊ ကုသိုလ်နှင့် အနုပညာရှင်ပေါင်းများစွာ ပါဝင်ထားသည်။ မင်းလူ၏ဝတ္ထုကို ဆုဩချယ်က ဓာတ်ညွှန်းရေးသားထားပြီး မဟော်ဂနီရုပ်ရှင်ထုတ်လုပ်ရေးက တင်ဆက်ထားသည်။

ရှေ့နောက်ဆက်တိုက် ရုံဝင်လာသော **ဓမ္မာသောက အင်းဝရာဇာ** ဓာတ်ကားနှင့် **အမည်မဖော်လိုသူအချစ်** တို့၏ ဟာသဓာတ်မြူး မည်သူ ပိုမြူးနိုင်မည်ကို စောင့်ကြည့်ကြရမည် ဖြစ်သည်။

မြို့မရုံတွင် အိန္ဒိယအက်ရှင်ဓာတ်ကားသစ် GHI LLL I ရုံဝင်လာသည်။ ဤဓာတ်ကားတွင် မိဘမသိအောင် ကယ်တင်ဗုက်ထားရာမှ ဖြစ်ပေါ်လာသည့်အကြောင်းကို ဓာတ်လမ်းဆင်ကာ မင်းသားမိဂျေး၏ ကြမ်းကြမ်းရမ်းရမ်း ဖိုက်တင်ကစားကွက်များဖြင့် ပါဝင်သရုပ်ဆောင် ရိုက်ကူးထားသည်။

ရှေ့ဆောင်ရုံတွင် Shoot' EM UP ဓာတ်ကား မင်္ဂလာရုံ၌ CURSE of the Golden Flower ဓာတ်ကား ပြန်လည်ရုံဝင်လာပြီး နေပြည်တော်ရုံတွင် HITMANဓာတ်ကား တင်ဆက်လျက်ရှိသည်။

ဒိမ်းခြောက်ခြင်းအမည်ရ Black Mail ဓာတ်ကားမှာ ဆုထူးပန်ရုံတွင် ရုံဝင်လာပြီး တာဝန်ကျေပွန်သော ရဲအရာရှိနှင့် ဒုစရိုက်လောကသားတို့ ဘတစ်ပြန် ကျားတစ်ပြန် ရာဇဝင်ကြွေး ပေးဆပ်ကြပုံများကို ရှုစားကြရမည် ဖြစ်သည်။ အိန္ဒိယနာမည်ကြီး မင်းသားများဖြစ်သော အာဂျေးဒေ့ဂန်၊ ဆူနီးလ်ရှက်သီးနှင့် မင်းသမီး ပရီရင်ကာချိုပရာတို့ ခေါင်းဆောင်ပါဝင်ထားသည်။ ဘုရင့်ရုံတွင် ငွေစက္ကူအတုဂိုဏ်းကို ဖော်ထုတ်ပေးသော ရဲအရာရှိ တစ်ဦး အကြောင်း ဓာတ်လမ်းဆင် ရိုက်ကူးထားသည့် RAKSHAR အိန္ဒိယ အက်ရှင်ဓာတ်ကားကို ကြည့်ကြရမည် ဖြစ်သည်။

မြို့လယ် စံပြ၊ နဝဒေး၊ ရွှေမန်းနှင့် သီတာရုံများတွင် ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်) ရိုက်ကူးတင်ဆက်သည့် **Game ကစားပွဲ** အဆင့်မြင့် မြန်မာဗီဒီယိုဓာတ်ကား ဆက်လက်အောင်ပွဲခံနေဆဲဖြစ်သည်။

ကစားပွဲ အဖွဲ့သားများက ဖေဖော်ဝါရီ၂ရက်က ဒဂုံစင်တာတွင် အမှတ်တရလက်မှတ်များ ရေးထိုးပေးခဲ့သည်။ ။

(မြန်မာ့အလင်း)

"Game ကစားပွဲ"မြန်မာ ဗီဒီယိုဓာတ်ကားမှ စိုင်းစိုင်းခမ်းလှိုင်၊ ဟက်ကက်၊ သက်မွန်မြင့်နှင့် ရတနာပုံ။

"ဓမ္မာသောက အင်းဝရာဇာ" ရုပ်ရှင်ကားကြီးမှ လူမင်းနှင့် နန္ဒာလှိုင်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာ သင်ခန်းစာများကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ ဇီဝဗေဒ

အခုချိန်မှာ စာသင်နှစ် (၂၀၀၇-၂၀၀၈) ဇီဝဗေဒဘာသာရပ်ယူ ကျောင်းသား ကျောင်းသူများဟာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြဖို့ ပြင်ဆင်နေပြီးဖြစ်မယ်လို့ ယုံကြည်ပါတယ်။ အခုပို့ချမယ့် သင်ခန်းစာကတော့ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြတဲ့အခါ အထောက်အကူပြု လမ်းညွှန်ပေးမယ့် သင်ခန်းစာပဲဖြစ်ပါတယ်။

ဇီဝဗေဒဘာသာရပ် သင်ကြားနေကြတဲ့ ကျောင်းသားကျောင်းသူများ အဓိက သဘောပေါက်နားလည်ထားရမှာကတော့ Grade 11 Biology ဖတ်စာအုပ်မှာပါတဲ့ Chapter 1 to 12 မှာပါရှိတဲ့ အကြောင်းအရာအားလုံးကို ကျေညက်အောင် သိရှိတတ်မြောက်ထားဖို့ အရေးကြီးဆုံး ဖြစ်ပါတယ်။ သင်ရိုးကုန်မကျက်ဘဲ မိမိအနေနဲ့ ကြိုက်သလို ရွေးချယ်ကျက်ထားမယ်ဆိုရင် အောင်မှတ်ရဖို့ပင် လွယ်ကူလိမ့်မည် မဟုတ်ပါ။ အကြောင်းအရာမှ ကောက်နုတ်မေးထားတဲ့ မေးခွန်းမျိုးတို့ကို ဖြေဆိုနိုင်ကြမှာ မဟုတ်ပါဘူး။

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေကြတဲ့အခါ အဆင်သင့်ဖြစ်စေဖို့အတွက် မေးခွန်းပောင်းများကို လေ့လာကြဖို့လည်း လိုအပ်ပါတယ်။ မေးခွန်းပောင်းများကို လေ့လာဖို့ တိုက်တွန်းတာကတော့ မေးခဲ့တဲ့ မေးခွန်းများဟာ တိုက်ရိုက်ပါတာနည်းပြီး တွေးတောဖြေဆိုရမယ့် မေးခွန်းများ ပိုပါတယ်ဆိုတာ သဘောပေါက်နားလည်ကြစေလို၍ဖြစ်တယ်။ မေးခွန်းအသွားအလာကို နားမလည်ဘူးဆိုရင် ပေးထားတဲ့ အကြောင်းအရာဟာ မိမိကျက်မှတ်ထားတဲ့ အကြောင်းအရာဖြစ်ပေမယ့် ဘယ်လိုဖြေရမယ်ဆိုတာ နားလည်မှာမဟုတ်ဘူး။ ဇီဝဗေဒကို ထူးချွန်စွာ အောင်မြင်ဖို့ဆိုတာ Biology ဖတ်စာအုပ်ပါ Chapter (12) ခုလုံးကို ကျေညက်နိုင်မှ ထူးချွန်အောင်မြင်စွာ ဖြေဆိုနိုင်မှာဖြစ်တယ်။

မေးခွန်းပောင်းပုံစံကို လေ့လာကြမယ်ဆိုရင်-

1. True/False
2. Completion
3. Short Questions (2 Marks)
4. Short Questions (4 Marks)
5. Long Questions (8 Marks) စသည်တို့ဖြင့် သတ်မှတ်ထားတယ်။

မေးခွန်းတစ်ခုစီမှာ သတ်မှတ်ထားတဲ့ အမှတ်အနေနဲ့ ကြည့်မယ်ဆိုရင်-

*No.1 True/False အမျိုးအစားမှာ (20)Statements (1) mark for each statement ထို့ကြောင့် (20 Marks)

*NO.2 Completion အမျိုးအစားမှာ(20)Statements (1) mark for each statement ထို့ကြောင့် (20 Marks)

*No.3 Short Questions (2 marks for each) (a to f) (၆)ပုဒ် ပေးထားပြီး Answer All questions လို့ ဖော်ပြထားတာကြောင့်**(၆)**ပုဒ်စလုံးဖြေဆိုရမယ် - (2×6=12 marks)

*N0.4 Short Questions (4 marks for each) (a to e) (၅)ပုဒ်ပေးထားတယ်။

Answer Any Four questions လို့ ဖော်ပြထားတယ်။ တစ်နည်းအားဖြင့် (၅)ပုဒ် ပေးထားတဲ့ အနက်**(၄)ပုဒ်ဖြေဆိုရမယ်**- (4 × 4 = 16 marks)

*No.5 Long Questions (8 marks for each) (a to f) (၆)ပုဒ်ပေးထားတယ်။ဒီ No. 5 မှာလည်း Answer ANY FOUR questions လို့ ဖော်ပြထားတာကြောင့် မိမိကြိုက်နှစ်သက်ရာ **(၄)ပုဒ်ပဲ ဖြေဆိုဖို့ လိုအပ်တယ်။** (4 × 8 = 32 marks)

မေးခွန်းနံပါတ် 1 ,2 and 3 မှာတော့ အားလုံးဖြေဆိုရမယ်။ No.4 and No.5 မှာတော့ ရွေးချယ်ပိုင်ခွင့်ရတယ်။ မေးခွန်းနံပါတ် 1 and 2 ကတော့ လုံးဝရွေးချယ်ပိုင်ခွင့်မရှိဘူး။ No.3 ကျတော့ အားလုံးဖြေဆိုရမယ်ဆိုပေမယ့် **သို့မဟုတ်** (OR) ခံထားတဲ့ အမျိုးအစားတွေပါတော့ ရွေးဖို့ အခွင့်အရေးရှိတယ်လို့ ပြောနိုင်သေးတယ်။ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ မေးခွန်းနံပါတ် 4 and 5 မှာလည်း (OR) ခံထားတဲ့ မေးခွန်းမျိုးတွေ ပါတာကြောင့် ရွေးချယ်နိုင်တဲ့အခွင့်အရေးတွေ ပိုမိုရှိတယ်။ သင်ရိုးကုန်ကျေညက်အောင် ကျက်ထားသူများအဖို့တော့ အမှတ်ပြည့်လုနီးပါးဖြေဆိုနိုင်ကြပါလိမ့်မယ်။ Chapter ရွေးကျက်ထားသူများအဖို့တော့အောင်မှတ်ရအောင် တော်တော်ကြိုးစားဖြေဆိုယူကြရပါလိမ့်မယ်။ ဒါကြောင့် (၂၀၀၇) ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲရဲ့ အောင်တဲ့ရာခိုင်နှုန်းနဲ့ ရှုံးတဲ့ရာခိုင်နှုန်း နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ရှုံးတဲ့ရာခိုင်နှုန်းက ပိုများတယ်ဆိုတာ တွေ့ရလိမ့်မယ်။ အောင်တဲ့ရာခိုင်နှုန်းမှာ ကြည့်မယ်ဆိုပြန်တော့လည်း အောင်တဲ့ ကျောင်းသားကျောင်းသူများ အများစုဟာ ဂုဏ်ထူးပါကြတာကို တွေ့ရှိကြရပါမယ်။ ဒီလိုဖြစ်ရတဲ့ အကြောင်းအရင်းကို တွေးကြည့်မယ်ဆိုရင် အောင်မြင်ပြီး ဂုဏ်ထူးထွက်တဲ့ ကျောင်းသား ကျောင်းသူများဟာ သင်ရိုးကုန်ကိုသဘောပေါက်နားလည်အောင် ကျေညက်စွာကျက်ထားသူများဖြစ်ပြီး ရိုးရိုးအောင်မြင်သူများကတော့ Chapter အားလုံးကို စေ့စပ်စွာခြုံငုံမှု မရှိဘဲ ကျရှုံးသူများကတော့ Chapter 12 ခုစလုံးမှ မိမိအတွက် လွယ်ကူတဲ့ Chapter များကိုသာ ကျက်မှတ်ဖြေဆိုကြတယ်လို့ ပေါ်လွင်ပါတယ်။

Biology မေးခွန်းပောင်းများကို လေ့လာပြီး မေးခွန်းမှာ Biology ဖတ်စာအုပ်ပါ Chapter 12 ခုမှ အကြောင်းအရာများကို ဘယ်လို ခွဲဝေမေးထားတယ်ဆိုတာ လေ့လာကြည့်မယ်ဆိုရင်-

No.1 ***TRUE/ FALSE***

Chapter I	i,ii	(2 statements)
Chapter II	iii,iv	(2 statements)
Chapter III	v	(1 statements)
Chapter IV	vi,vii	(2 statements)
Chapter V	viii,ix	(2 statements)
Chapter VI	x,xi	(2 statements)
Chapter VII	xii	(1 statements)
Chapter VIII	xiii,xiv	(2 statements)
Chapter IX	xv, xvi	(2 statements)
Chapter X	xvii	(1 statements)
Chapter XI	xviii,vix	(2 statements)
Chapter XII	xx	(1 statements)

True/False statement များကို Chapter(12) ခုစလုံးမှပါဝင်အောင် ကောက်နုတ်ထားပါတယ်။ Statement များကို Chapter III, VII, X and XII မှအပကျန် Chapter များမှ(2) statementsစီ ကောက်နုတ်ထားတယ်။ Chapter III, VII, X and XII တို့မှာတော့ (1) statement စီကောက်နုတ်ထားပါတယ်။ တစ်နည်းအားဖြင့် Chapter (8) ခုမှ 2 Statements စီ (2 × 8 = 16marks)၊ ကျန် Chapter (4) ခုမှ 1 Statement စီ (1× 4 = 4marks) စုစုပေါင်း (20 marks)အနေနဲ့ Chapter အားလုံး ခြုံငုံမိအောင် ကောက်နုတ် မေးထားတာ တွေ့ကြပါလိမ့်မယ်။

True/False Statement များကိုဖြေဆိုဖို့ Statement ဟာ မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကိုက်ညီရင် True ဖြစ်ပြီး၊ မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကွဲလွဲမှုရှိရင် False ဖြစ်တယ်။ ကောက်နုတ်ထားတဲ့ Statement များအနေနဲ့ ဖတ်စာအုပ်မှတိုက်ရိုက်ကောက်နုတ်ထားတာရှိသလို၊ Own Construction နဲ့ ပေးထားတဲ့ Statement များလည်း ရှိတာတွေ့ရှိကြပါလိမ့်မယ်။ ဒီလို ပေးထားတဲ့ အကြောင်းအရင်း ကတော့ True/False statement များကို ဖြေဆိုနိုင်ဖို့ English ဘာသာရပ် ကျွမ်းကျင်ဖို့လည်း လိုတယ်ဆိုတာ သဘောပေါက်စေလိုပါတယ်။ Chapter များပါ အကြောင်းအရင်းများကို သဘောပေါက် နားလည် မထားဘူးဆိုရင် True/False statement များကို ဖြေဆိုနိုင်ကြမှာမဟုတ်ပါဘူး။ မဖြေဆိုနိုင်လို့ State-ment များကို False လို့ အားလုံး (သို့မဟုတ်) True လို့ အားလုံးရေးသားဖြေဆိုခဲ့ရင်တော့ မိမိဖြေဆိုတဲ့ အထဲက ရသင့်တဲ့အမှတ် ရသွားနိုင်လိမ့်မယ်ဆိုတာ ကျောင်းသားကျောင်းသူများ ထင်မှတ်ကြရင်တော့ အရမ်းမှားပါ လိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ True/False statement အားလုံးကို True သို့မဟုတ် False လို့ ဖြေဆိုထားခဲ့ရင် ကျောင်းသားကျောင်းသူများအပေါ် အဖြေလွှာ စစ်ဆေးသူများ အနေနဲ့ အရင်ဆုံး ကောက်ချက်ချမှာကတော့ ဒီကျောင်းသားကျောင်းသူများဟာ ကျန်မေးခွန်းများကိုလည်း တိကျစွာဖြေဆို နိုင်ကြမှာ မဟုတ်ဘူးဆိုတာ ဖြစ်ပါလိမ့်မယ်။ ဒီ့အပြင် အမှတ်ပေးစည်းမျဉ်းအရ ထိန်းချုပ်မှုရှိပါတယ်။ အဲဒီလို ဖြေဆိုမယ်လို့ရည်ရွယ်ထားတဲ့ ကျောင်းသားကျောင်းသူများကို **အထူးသတိပေးလိုတာကတော့** True/False Statement များကို မိမိ အမှန်တကယ် မှန်ရင် True မှားရင် False လို့ တိကျစွာဖြေဆိုမှသာ မိမိဖြေဆို ထားတဲ့ အပေါ်ရသင့်တဲ့ အမှတ်ကို ရနိုင်ကြမှာဖြစ်တယ်။

No. (2) Completion အမျိုးအစားမှာပါဝင်တဲ့ Statement များကို No.1 True/False Statement များမှာလိုပဲ Grade 11 Biology Test ထဲမှာပါတဲ့ Chapter (12) ခုလုံးမှ ကောက်နုတ်ခွဲဝေမေးထားပါတယ်။ Completion Statement များအတွက်ကတော့ ကွက်လပ်ချန်ထားခဲ့တဲ့ နေရာမှာ မှန်ကန်တဲ့ Word ဟာမှန်ပေမယ့် Spelling မှားနေခဲ့ရင်တော့ ဖြည့်စွက်လိုက်တဲ့ Word အတွက် သတ်မှတ်ထားတဲ့ အမှတ်ကို မရနိုင်ပါ။ ဒါကြောင့် Biology Text မှာပါတဲ့ အကြောင်းအရာများကို သဘောပေါက်နားလည်ထားရုံသာမဟုတ်ဘဲ Spelling များကိုလည်း သတိထားကျက်မှတ်ထားကြတဲ့အကျင့် ပြုလုပ်ဖို့ လိုအပ်ပါတယ်။ ရေးသားကျက်မှတ်တတ်တဲ့ အလေ့အထဟာ ကျက်ထားသမျှကို မှတ်မိစေနိုင်တဲ့ နည်းလမ်းကောင်း တစ်ခုဖြစ်ပါတယ်။

No.(3) Answer all questions (12) Marks လို့ ဖော်ပြထားတဲ့ မေးခွန်းမျိုးမှာတော့- a,b,c,d ,e,f ရယ်လို့ (၆)ပုဒ်ပေးထားပြီး(၁)ပုဒ်အတွက် (၂)မှတ်အနေနဲ့ သတ်မှတ်ထားတဲ့ မေးခွန်း အမျိုးအစားပဲ ဖြစ်ပါတယ်။ No. 3 (2 Marks) တန်အနေနဲ့ သတ်မှတ်ထားတဲ့ မေးခွန်းမျိုးမှာ Grade 11 Biology Text ပါ အကြောင်းအရာများကို ခွဲဝေထားတာကတော့-

(a)	Chapter I to IV	မှ	(၁) ပုဒ်
(b)	Chapter V	မှ	(၁) ပုဒ်
(c)	Chapter VI	မှ	(၁) ပုဒ်
(d)	Chapter VII	မှ	(၁) ပုဒ်
	OR		
	Chapter VIII	မှ	(၁) ပုဒ်
(e)	Chapter IX	မှ	(၁) ပုဒ်
	OR		
	Chapter X	မှ	(၁) ပုဒ်
(f)	Chapter XI	မှ	(၁) ပုဒ်
	OR		
	Chapter XII	မှ	(၁) ပုဒ်

No. 3 မှာ Answer all questions ဆိုပေမယ့် OR, ခံထားတဲ့ မေးခွန်းမျိုးများပါတော့ ကျောင်းသားကျောင်းသူများမှာ ရွေးချယ်ပိုင်ခွင့် ရှိသေးတယ်။

No. 4 (4 Marks) မေးခွန်းကို Answer any four questions အနေနဲ့ a to e (၅) ပုဒ် ပေးထားတာ မေးခွန်းပောင်းများ လေ့လာရင် တွေ့ရှိကြပါလိမ့်မယ်။ Chapter များအရ မေးထားတဲ့ မေးခွန်းခွဲဝေမှုကတော့-

စာမျက်နှာ ၁၆ ကော်လံ ၁

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

(၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို မင်းဘူးမြို့ ပြည်သူ့ဆေးရုံကြီး၌ တိုးချဲ့နှစ်ထပ်ဆောင်ဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မကွေးတိုင်း မင်းဘူးမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး တိုးချဲ့နှစ်ထပ်ဆောင် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၈ နာရီတွင် မင်းဘူးမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဧည့်သည်တော်များသည် တိုးချဲ့နှစ်ထပ်ဆောင်သစ်ရှိ လူနာကုသခန်းများ၊ အထူးကုဆရာဝန်အခန်း၊ တာဝန်ကျဆရာဝန်အခန်း၊ တာဝန်ကျ သူနာပြုဆရာမအခန်း၊ အခပေးလူနာခန်းနှင့် သင်ကြားရေးစာသင်ခန်းမကြီးတို့ကို လှည့်လည်ကြည့်ရှုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့ မင်းဘူးမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး တိုးချဲ့နှစ်ထပ်ဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပပုံ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပမည့် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပပုံကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစီအစဉ်တို့မှ ယင်းနေ့နံနက် ၇နာရီမှ စတင်၍ အခမ်းအနားကျင်းပရာ နေပြည်တော် မြို့တော်ခန်းမရင်ပြင်မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အဘိဓာန်စာအုပ်ကို နေရာတကာ သယ်ဆောင်သွားစရာမလို မိုဘိုင်းလ်ဖုန်းထဲ၌ အလွယ်တကူ ဖွင့်ကြည့်လို့ရပြီ မြန်မာဘာသာဖြင့် သုံးနိုင်အောင် ပြင်ဆင်ပြုလုပ်ပေးထား

သတင်းမှတ်စု - မိုးမြင့်လင်းလက်

ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ကျောင်းသုံးအင်္ဂလိပ်–မြန်မာ မိုဘိုင်းလ်အဘိဓာန်နှင့် Messx မိုဘိုင်းလ်ဆော့ဖ်ဝဲများ စတင်မိတ်ဆက်ခြင်းအခမ်းအနားကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းမှာရှိတဲ့ ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင်တကောင်းခန်းမမှာ ဖေဖော်ဝါရီ ၉ ရက်နံနက် ၉ နာရီခွဲမှာ ကျင်းပခဲ့ပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၁ ■

မိုဘိုင်းလ်တယ်လီဖုန်းပေါ်၌ အဘိဓာန်အား လက်တွေ့အသုံးပြုလေ့လာနေမှုကို တွေ့ရစဉ်။

အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု

မြန်မာ့အလင်း (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

❒ တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ရခိုင်ပြည်နယ် (စာ - ၇)

❒ မညီညွတ်ခြင်းသည်ပင် ဘေးအန္တရာယ်ဟု မြင်၍

❒ ကျွန်းနှင့် ကိုင်း

❒ ပြည်ထောင်စုစိတ်ဓာတ်

❒ သွေးချင်းများရဲ့ ပြည်မြန်မာ

လှိုင်အောင်၏ ဆောင်းပါး (စာ– ၈၊ ၉)

မောင်မောင်မိုးအောင်၏ ကဗျာ (စာ–၉)

မင်းမင်း၏ ကာတွန်း (စာ–၉)

လင်းအောင် (ဇီးကုန်း) ၏ ကဗျာ (စာ–၁၀)